မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၇)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်၏အင်အား

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးရဲ့အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့အင်အားဟာ ပဓာနအကျဆုံးဖြစ်တယ်။

ဒီ့နိုင်ငံရဲ့သမိုင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေး မြင့်မားတဲ့အခါ ပြည်သူတို့ရဲ့အင်အားဟာ ပိုမိုအားကောင်းလာတယ်။ ပြည်သူတို့ရဲ့အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံ့ရဲ့အင်အား ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)တွင် မြွက်ကြားသော မိန့်ခွန်းမှ–

မြန်မာ့အလင်း

(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု



❒ **အေးရိပ်ဆာယာ သည်နေရာ**

ဦးအောင်မွန်[မဟာဝိဇ္ဇာ]၏ကဗျာ (စာ–၃)

❒ **မျက်မှောက်ခေတ်၌ မြန်မာတစ်မျိုးသားလုံး၏ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးမှတစ်ပါးအခြားမရှိဟု အားလုံးသိကြပြီး ဖြစ်သည်။ ဤသို့ သိရှိထားသည်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်စေ၊ တစ်တပ်တစ်အားဖြစ်စေ လူတိုင်းကိုယ်စီ ပူးပေါင်းပါဝင် တည်ဆောက်လျက်ရှိသည်။**

သီဟအောင်၏ဆောင်းပါး(စာ–၈၊ ၁၀နှင့်၁၁)

သဘာဝဓာတ်ငွေ့သုံးယာဉ်များပြောင်းလဲတပ်ဆင်ရေး မန္တလေးတိုင်း၌ ရှင်းလင်းပြောကြား စွမ်းအင်ဝန်ကြီးဌာန ပညာရှင်များနှင့် စက်မှုဇုန်မှလုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းအတွင်းရှိ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက်က တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ တိုင်းနှင့်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများ၊ မန္တလေး စက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေးအဖွဲ့မှလုပ်ငန်းရှင်များ၊ ယာဉ်ပိုင်ရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို *စာမျက်နှာ ၆ ကော်လံ ၁* ■

ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ အမျိုးသားညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ကျင်းပမည်ဖြစ်ရာ အမျိုးသားညီလာခံသို့တက်ရောက်ကြမည့် အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် လေကြောင်းခရီးစဉ်များဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိလာကြသည်။ *စာမျက်နှာ ၇ ကော်လံ ၅* ❒

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

14-2 (01).p65 1 2/14/05, 12:54 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ဒေသခံတိုင်းရင်းသားပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်ရေး နိုင်ငံတော်က ဖြည့်ဆည်းပေးမှုများကိုရယူ၊ ဝီရိယစိုက်ထုတ်အလုပ်လုပ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ဝန်းရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေတိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားလာရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရအပိုင်းက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း ၎င်းတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုများကိုရယူကာ ဝီရိယစိုက်ထုတ် အလုပ်လုပ်ကိုင်လျက် ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဘဝတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လုပ်ကိုင်လျက်ရှိရာ၌ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်လျက်ရှိခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ရရှိလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဖေဖော်ဝါရီလ၈ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလော ကျေးရွာအုပ်စု ဖန်ဝိန်းကျေးရွာသို့ သွားရောက်ပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ နွေစပါး စိုက် တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာ၌-

"လိုအပ်ချက်ကို ပြည့်စုံအောင် တစ်နှစ်လျှင် တစ်သီးစားသာ စိုက်ပျိုးနေရာမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးပြီး ဝင်ငွေတိုးတက်ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနှင့်အတူ တွဲဖက်ပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုပါ ဆောင်ရွက်သွားကြရန်"

ပြောကြားသွားသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အနေဖြင့် ယခင်က နွေစပါးစိုက်ဧက၁၃၀၀၀ ရှိရာမှ ယခုအခါ နွေစပါး ဧက၂၀၀၀၀ကျော်အထိ တိုးတက်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရသည်။ ဒေသခံ တောင်သူဦးကြီးများသည် မိုးစပါးအပြင် နွေစပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည့်အပြင် ဒေသနှင့်ကိုက်ညီသည့် စားသုံးသူအကြိုက် အရည်အသွေးရှိသော ရွှေရင်အေးမျိုးစပါးကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ရေရှည်တွင် အကျိုးခံစားခွင့်ရရှိနေပြီဖြစ်သည့် ပြည်ပဈေးကွက်ရှိသော ရော်ဘာကို အလေးထား စိုက်ပျိုးလျက်ရှိသည်။

ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဒေသခံတောင်သူများအနေဖြင့် မြို့နယ်တစ်ခုချင်းအလိုက်၊ ဒေသတစ်ခုချင်းအလိုက် ဒေသဝမ်းစာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးရေး၊ လိုအပ်သည့်မြေဩဇာများ သုံးစွဲရေးတို့ကို အလေးထားလုပ်ကိုင်ကြရန် လိုအပ်ပေသည်။

ဒေသဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ရာတွင်လက်ရှိလူဦးရေအပြင် တစ်နေ့တခြား တိုးပွားလျက်ရှိသည့် လူဦးရေကိုပါထည့်သွင်းစဉ်းစားပြီး စိုက်ပျိုးရေးနည်းလမ်းမျိုးစုံဖြင့် တိုးချဲ့စိုက်ပျိုးသွားကြရန် ဖြစ်သည်။

ထို့အပြင် မိမိတို့ဒေသ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးတို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များအတွက်ပါ ပြည့်စုံဖူလုံစေရန်အတွက် စိုက်ပျိုးရေးကို အခြေခံ၍ ကြိုးပမ်းလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဤဒေသတွင် အထူးကုဆေးရုံကြီးတစ်ခု ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသနေတိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်သကဲ့သို့ ဒေသအတွင်း ရာသီအလိုက်ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါများ ကြိုတင်ကာကွယ်တားဆီး နိုင်မည့် ပညာပေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသခံတိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မား တိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဒေသခံတိုင်းရင်းသားပြည်သူများ ကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နန်းယွန်း/ ပန်ဆောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ကျေးရွာလူထုအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းနာဂဒေသ နန်းယွန်း မြို့တွင် ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် နန်းယွန်းမြို့မှ ဖေဖော်ဝါရီ၆ရက်က ထွက်ခွာရာ ရောင်ဝေးနာဂကျေးရွာသို့ ရောက်ရှိပြီး ဒေသခံနာဂတိုင်းရင်းသား များ၊ နယ်စပ်ဒေသ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် ကျေးရွာအတွက် ဆန်၊ဆား၊ဆေးဝါး၊အဝတ်အထည်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နောင်ယမ်နာဂကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဒေသ ဖွံ့ဖြိုးရေး လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့သည်။

ညှိနှိုင်းဆွေးနွေး

ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပန်ဆောင်သုံးမိုင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာလူထုအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ အခြေခံပညာမူလတန်းကျောင်းပြုပြင်မွမ်းမံရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ထောက်ပံ့ပေးအပ်

ထိုမှ ဆက်လက်ထွက်ခွာရာ ပန်ဆောင်မြို့သို့ ရောက်ရှိပြီး နယ်စပ်ဒေသ ဝန်ထမ်းများ၊ ဒေသခံနာဂ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပြီးနောက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဒေသခံ တိုင်းရင်းသားများအတွက် ဆန်၊ ဆား၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပန်ဆောင်မြို့ရှိ ဌာနဆိုင်ရာရုံးများ ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၀၅
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် History of Science and Technology. (တတိယနှစ်-သမိုင်း)
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျှာ"** (အပိုင်း-၁၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၄၁)

ကျိုက္ကလော့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့ စေတီတော်မြတ်ကြီး အနီးရှိ ကျိုက္ကလော့ပရိယတ္တိ စာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ကျိုက္ကလော့ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဖေဖော်ဝါရီ၁၇ရက်မှ ၂၃ရက်အထိ ကျင်းပမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ၁၆ရက် ညနေ ၅ နာရီ အရောက်လာရောက်ကြရန်နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၆ရက်ကဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၏၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို အောင်ကျော်ခန်းမဆောင်တွင် ကျင်းပရာ အခြေခံပညာအထက်တန်းမြို့နယ်အဆင့် ကျောင်းပေါင်းစုံ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ပထမဆုရမောင်နဒီမြင့်မိုရ်အား မိဘဆရာအသင်း အလုပ်အမှုဆောင် ဒေါ်မာမာဝင်းက ဆုချီးမြှင့်စဉ်။

(က-ပ)

အေးရိပ်ဆာယာ သည်နေရာ

* ငယ်စဉ်ခါက၊ သင်ခဲ့ရသည်
ရှေးက ကဗျာ၊ တစ်ပုဒ်စာတွင်...
"ကြောင်း*တော်ခရီး၊ လမ်းမကြီး၌
ပင်ထီး ပညောင်၊ မြားမြောင်ခက်လက်
ရွက်လည်းစိပ်စိပ်၊ ရိပ်လည်းမြိုင်မြိုင်"... စသည်ဖြင့်။

* ယခုခါမှာ၊ သူငါအများ
တိုင်းရင်းသားတွေ၊ ဆုံတွေ့နေကြ
ဒေသစခန်း၊ ပြိုးပန်းဝေစည်
ခေတ်မီဖွံ့ဖြိုး၊ ပြည်ကျိုးရှေးရှု
ပြုစုဆောင်ရွက်၊ အချက်အချာ
ဤနေရာလျှင်၊ 'ညောင်နှစ်ပင်'ဟု
မည်တွင်ရှိပြီး၊ ရှေ့ခရီးတွက်
ရွက်လည်းပိုစိပ်၊ ရိပ်လည်းပိုမြိုင်
ပြည့်လျှိုင်ပြည်ကျိုး၊ ပိုသယ်ပိုးရန်
ဧကန်စင်စစ်၊ ဆာယာဖြစ်သည်
ချစ်သည့်သွေးချင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းအစဉ်၊ ခရီးနှင်ကြ
သို့မှပိုင်ပိုင်၊ လှမ်းကိုင်နိုင်မည်
ပန်းတိုင်မဝေးတော့တကား။ ။

*ကြောင်းတော်ခရီး = ခရီးလမ်းကြောင်း။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့်
အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုလျက်။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အမိဋ္ဌာန်

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

နဝင်းကျောင်းတိုက် ထမနဲပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ရွှေနံ့သာကျေးရွာအုပ်စု နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော်အား အမှူးထား၍ တပည့် ဒါယကာ ဒါယိကာမများက တပို့တွဲလဆန်း ၁၄ရက် (ဖေဖော်ဝါရီ၂၂ရက်) ည ၁၂ နာရီတွင် ခုနစ်ကြိမ်မြောက် စုပေါင်း ထမနဲပွဲကျင်းပ၍ စကြာမုနိ ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၂၃ ရက်) နံနက်၉နာရီတွင် လှူဒါန်းမှု အစုစုတို့အတွက် စုပေါင်း ရေစက်သွန်းချ အမျှပေးဝေမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်သာယာမြို့နယ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (၁၈၀)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၀၆)တွင်စက်သုံးဆီ ရောင်းချနေမှု အခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဖေဖော်ဝါရီ၁၂ရက်က ဗိုလ်တထောင်မြို့နယ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးဖတ်ကြားစဉ်။ (၄၀၀)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ မန္တလေးစက်သုံးဆီအရောင်းဆိုင်များစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၁ ရက် ညနေပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၆၀၆)နှင့်အမရပူရမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၁၃)တို့သို့ ရောက်ရှိပြီး စက်သုံးဆီရောင်းချနေမှုအခြေအနေနှင့် လက်ကျန်ဆီအခြေအနေ၊ စက်သုံးဆီအခြင်အတွယ်၊ စက်သုံးဆီအရောင်းငွေစာရင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီအခြင်အတွယ် အမြဲမှန်ကန်နေစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားကြရန် မှာကြားသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းတွင် ပလိပ်မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ သွားရောက်ပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ရောင်းချပေးနေမှု အခြေအနေ၊ Compressor အသစ်တစ်လုံး ထပ်မံတပ်ဆင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက Compressor အသစ်တပ်ဆင်မှုလုပ်ငန်း အမြန်ပြီးစီးရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆီဌာနခွဲသို့ ရောက်ရှိလာပြီး လေယာဉ်ဆီဖြည့်ယာဉ်များ အခြေအနေ၊ သိုလှောင်မှုစနစ်နှင့် ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၁၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။ (၂၅၉)

သာကေတမြို့နယ် မြို့နယ်အဆင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အထက(၃) သီရိရတနာခန်းမ၌ ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဦးအေးကြိုင်က တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးဆုနှင့် ထူးချွန်ဆုရ အထက(၃)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဆွေဆွေဝင်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

ဖေဖော်ဝါရီ၁၂ရက်က သန်လျင်မြို့နယ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌွေး ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ကိုးထပ်ကြီးဘုရားရုပ်ပွားတော် နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား ရုပ်ပွားတော်မြတ် နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ကိုးထပ်ကြီးဘုရား တန်ဆောင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ကြည်ညိုပူဇော်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဧည့်ပရိသတ်များသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ရွတ်ဖတ်

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် လောကပီယကျောင်း ဆရာတော်ဦးဇဝနက ရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်တော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးထပ်ကြီးဘုရားရုပ်ပွားတော် နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း)

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် မိုးညှင်းယောဂီဒေါ်စိန်ကြည်က ငွေကျပ်၂၀၀၀၀၀ လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်က လက်ခံရယူစဉ်။ (က-ပ)

လောကဇေယျာ ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲအကြိုတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ရပ်ကွက်လုံးဆိုင်ရာ ဗိုလ်မိုးလမ်းနှင့် ဓမ္မာရုံလမ်းထောင့်ရှိ မြေနီကုန်းဓမ္မာရုံ၌ သာသနာ၂၅၀၀ ပြည့် အထိမ်းအမှတ်ဖြင့် တည်ထားကိုးကွယ်သော လောကဇေယျာ ဆုတောင်းပြည့်စေတီတော်မြတ်အား ရွှေထီးတော်၊ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓပူဇနီယပူဇော်ပွဲ၊ နှမ်းမနဲ ကပ်လှူပူဇော်ပွဲ အကြိုတရားပွဲကြီးကို ဖေဖော်ဝါရီ၁၄ ရက် အရှင်ဣန္ဒက (သာသနာ့ဇောဓမ္မာစရိယ) ချမ်းမြေ့မြိုင်၊ ၁၅ ရက် အရှင်ခေမိန္ဒ (နယ်လှည့်၊ ဓမ္မကထိက) စစ်ကိုင်း၊ ၁၆ ရက် ဘဒ္ဒန္တနရပတိ (သာသနာ့ဓဇ ဓမ္မာစရိယ)ဖြူးဆရာတော်၊ ၁၈ ရက် အရှင်ဆေကိန္ဒ ဓမ္မဒူတ (ဗဟုဇနဟိတရေ)၊ ၁၉ ရက် အရှင်ဉာဏဝရ (ဓမ္မာစရိယ) ဧည့်ဝတီဆရာတော်နှင့် ၂၀ ရက်၌ အရှင်ကောဝိဒ (သာသနဓဇ ဓမ္မာစရိယ) ဆရာတော်များက တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

✱ ကျောဖုံးမှ

ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ ထို့ပြင် ရတနာကုန်သည်များအနေဖြင့် အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများသဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သော အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(Export Earning)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့ပြင် ရတနာပြပွဲသို့ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ တက်ရောက်စေရန် ပြည်တွင်း ပြည်ပမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

၂၀၀၅ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ပြပွဲ ဆဋ္ဌမနေ့အဖြစ် ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၃၇၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ဗဟိုပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများပြကွက်၊ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်းပြကွက်၊ မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ပြကွက်နှင့် မျက်မှောက်ခေတ်နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုပြကွက်တို့ကို စနစ်တကျ ခင်းကျင်းပြသထားသည်။

ခင်းကျင်းပြသ

မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ပြကွက်တွင် ဝန်ကြီးဌာနများအလိုက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ပြခန်းများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

ဖွင့်လှစ်ပြသ

ပြပွဲကို ဖေဖော်ဝါရီ၁၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း နေ့စဉ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့တက်ရောက်ရန် ကယားပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ထိုသို့ရောက်ရှိကြရာတွင် ကယားပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၂၃ ဦးတို့သည် နံနက် ၁၀နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၃၂ ဦးတို့သည် ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၁၄ ဦးတို့သည် ညနေ ၆ နာရီခွဲတွင်လည်းကောင်း လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ တည်းခိုဆောင်များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်နေရာချထားပေးကြသည်။

ကြိုဆိုနှုတ်ဆက်

အလားတူ ကရင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်၂၅ဦးနှင့် မွန်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၄၆ ဦးတို့သည်လည်း ယနေ့ညနေပိုင်းတွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တည်းခိုဆောင်များ၌နေရာချထားပေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ရန်ကုန်တိုင်း

သီဟအောင်

လူတိုင်းလူတိုင်း လူ့သမိုင်းကို ကိုယ်စီကိုယ်င ရေးနေကြသည်ဟု အဆိုရှိသည်။ မြန်မာ့သမိုင်းသည် မြန်မာတစ်မျိုးသားလုံး၏ သမိုင်းဖြစ်သည်။ မြန်မာ့သမိုင်းသည် မြန်မာတိုင်း၊ မြန်မာတိုင်း၏ သမိုင်းဖြစ်သည်။ မြန်မာနိုင်ငံသားတစ်ဦး အနေဖြင့် မိမိနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးရပ်ကို စနစ်တကျ လေ့လာကြည့်ရှုအပ်ပေသည်။ ယင်းသို့ လေ့လာကြည့်ရှုခြင်းဖြင့် သမိုင်းဖြစ်စဉ်ဖြစ်ရပ်များကို သဲသဲကွဲကွဲ ထဲထဲဝင်ဝင် တွေ့မြင်ပြီး နိုင်ငံတော်အတွက် ပင်မကျသည့် အဓိကလိုအပ်ချက်များကို သိရှိလာပေမည်။

မျက်မှောက်ခေတ်၌ မြန်မာတစ်မျိုးသားလုံး၏ ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးမှတစ်ပါး အခြားမရှိဟု အားလုံးသိကြပြီးဖြစ်သည်။ ဤသို့ သိရှိထားသည်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို အုပ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်စေ၊ တစ်တပ်တစ်အားဖြစ်စေ လူတိုင်းကိုယ်စီ ပူးပေါင်းပါဝင် တည်ဆောက်လျက်ရှိကြသည်။ ဤတည်ဆောက်မှု စွမ်းအားများကြောင့် အနာဂတ်နိုင်ငံတော်နှင့် နောင်လာ နောက်သား မျိုးဆက်များ ထွန်းကားလာမည်မှာ ဧကန်အမှန်ဖြစ်ပေရာ မျက်မှောက်ခေတ်၏ သမိုင်းဖြစ်ရပ်မှန်များကို မှတ်တမ်းတင်အပ်၊ လေ့လာအပ်ပေသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ကျင်းပသည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"အမျိုးကိုချစ်ဖို့၊ နိုင်ငံကိုချစ်ဖို့ဆိုတာ သမိုင်းကြောင်းနဲ့ အစဉ်အလာကို အဓိကထားပြီး လေးလေးနက်နက် ချစ်ဖို့ လိုတယ်။ မြစ်ဝှမ်းဒေသနဲ့ မြေပြန့်လွင်ပြင်တွေ၊ မြင့်မားတဲ့ တောင်တန်းကြီးများနဲ့ ကုန်းပြင်မြင့်တွေ၊ ဒို့မြေပေါ်မှာစပြီး ဒို့မြေပေါ်မှာပဲ ဆုံးတဲ့ ကိုယ်ပိုင်မြစ်တွေ၊ မြေဆီမြေနှစ်ကောင်းပြီး အဖိုးတန်ကျောက်မျက် ရတနာနဲ့ သယံဇာတ ပေါကြွယ်ဝတဲ့ မြေ၊ ပကတိအနေအထား ကောင်းမွန်တဲ့ ပင်လယ်ပိုင်နက်၊ သမမျှတတဲ့ ရာသီဥတုတွေနဲ့ မြတ်နိုးဖွယ်ကောင်းတဲ့ ဒို့နိုင်ငံဟာ ရှေးပဝေသဏီကပင် တို့ဘိုးဘွားတွေက ခုတ်ထွင် ရှင်းလင်းပြီး ဓားမဦးချ လုပ်ကိုင်စားသောက်ခဲ့ကြတဲ့ အမိမြေဖြစ်တယ်။

"ဒို့ဘိုးဘွားတွေ တစ်နွယ်တည်းက ဆင်းသက်လာခဲ့ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စုတွေဟာ ဒို့နိုင်ငံမှာ အေးအတူပူအမျှ စုပေါင်းနေထိုင်ခဲ့ကြတယ်။ ဒို့တိုင်းရင်းသားအားလုံးဟာ မွေးဖွားသည်နဲ့ တစ်ပြိုင်နက် နိုင်ငံသား ဖြစ်ကြတဲ့ တူညီသော အခွင့်အရေးနဲ့ နေထိုင် ခဲ့ကြတာဟာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပြီဖြစ်တယ်။ ဒို့လူမျိုးဟာ ရှည်လျားတဲ့ သမိုင်းကြောင်း ရှိပြီး သမိုင်းတစ် လျှောက် လုံး မှာ လည်း သတ္တိ ပြောင်ခဲ့တဲ့ လူမျိုးဖြစ်တယ်။ ရဲဘော်တို့ဟာ

သမိုင်းရဲ့ အမွေတွေကို ခံယူရမယ်။ အစဉ်အလာကြီးမားတဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရှင်သန်ကြရမယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့သစ္စာကို စောင့်သိရမယ်။ ဒါဟာ မျိုးချစ်တပ်မတော်ရဲ့ စိတ်ဓာတ်ပဲဖြစ်တယ်။"

ဟူ၍ မိန့်ကြားခဲ့သည်။

မျက်မှောက်ခေတ် မြန်မာတို့သည် အတိတ်က မြန်မာတို့၏သမိုင်းကို အမွေခံခဲ့ကြရသည်။ အနာဂတ်မြန်မာတို့သည်လည်း မျက်မှောက်ခေတ် မြန်မာတို့၏ သမိုင်းအမွေကို ဆက်ခံကြရမည်သာ ဖြစ်သည်။ အတိတ်သမိုင်းကို ဆက်ခံပြီး အမွေခံကောင်း ပတ်ဝန်းကျင်များ ထွန်းကားပြန့်ပွားအောင် ဖော်ဆောင်နေကြသော နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ဦးတည်ချီတက်နေသည့် သမိုင်းမှတ်တိုင်တစ်ခုကို ရန်ကုန်တိုင်း၏ ယခင်နှင့်ယခု ဖွံ့ဖြိုးတိုးတက်မှုအား သက်သေထား၍ တင်ပြအပ်ပေသည်။

ရန်ကုန်တိုင်း

ရန်ကုန်တိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်၏ တောင်ဘက်အကျဆုံးအပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် ပဲခူးတိုင်း၊ တောင်ဘက်၌ မုတ္တမကွေ့၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းတို့နှင့်တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည်။ စတုရန်းမိုင်ပေါင်း ၃၉၂၇ ကျယ်ဝန်းပြီး ဗမာနှင့် တခြားတိုင်းရင်းသားမျိုးနွယ်စုများ ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်တစ်ခုအသွင် အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ လက်ရှိ လူဦးရေ ၆၃၆၉၀၀၀ ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၆၂၂ ယောက် ဖြစ်သည်။

ပဲခူးရိုးမသည် တိုင်းနယ်မြေအတွင်း မြောက်ဘက်မှတောင်ဘက်သို့ သွယ်ဆင်းလာသဖြင့် သန်လျင်၊ တွံတေးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ပင် ဂဝံကုန်းရိုးတန်းများရှိသည်။ ပဲခူးမြစ်သည် ရန်ကုန်တိုင်းအရှေ့ပိုင်းမှ ရန်ကုန်မြစ်အတွင်း စီးဝင်သည်။ တိုင်း၏အလယ်ပိုင်းတွင် ငမိုးရိပ်ချောင်းသည် မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းကာ ပဲခူးမြစ်အတွင်း စီးဝင်သည်။ အနောက်ဘက်ပိုင်းတွင် ဘောလယ်မြစ်နှင့် ပန်းလှိုင်မြစ်တို့သည် လှိုင်မြစ်နှင့် ပေါင်းဆုံကာ ရန်ကုန်မြစ်အတွင်း စီးဝင်သည်။ ရန်ကုန်တိုင်း၏ ပထဝီဝင်အနေအထားအရ မြစ်ဝမြေနုကျွန်းပေါ်ဒေသဟု သတ်မှတ်ကြသည်။ ရန်ကုန်မြို့သည် ပင်လယ်မှ ၂၁ မိုင်အကွာ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်တို့ဆုံရာ၌တည်ရှိပြီး မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သည်။

စိုက်ပျိုးရေး

ရန်ကုန်တိုင်းသည် ရန်ကုန်မြို့တော်တည်ရှိနေသည့် တိုင်းဖြစ်သော်လည်း စိုက်ပျိုးရေးအခြေခံ ကျေးလက်ဒေသများ ဝန်းရံတည်ရှိနေသော တိုင်းဒေသကြီးဖြစ်သည်။ မြစ်ဝမြေနုကျွန်းပေါ်ဒေသဖြစ်၍ စိုက်ပျိုးရေး အခြေခံကောင်းများရှိသော်ငြား ယခင်ကာလက စိုက်ပျိုးနိုင်သည့်စွမ်းအား အပြည့်အဝမရှိခဲ့ပေ။

၁၉၈၈ ခုနှစ်ကာလအထိ စိုက်ပျိုးရေပေးဝေနိုင်သော ဆည်တမံမရှိခဲ့ခြင်းက အဓိကဖြစ်နေခဲ့သည်။ အခြား ပြည်နယ်/တိုင်းများနည်းတူ ဒေသဝမ်းစာဖူလုံရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေး နိုင်ငံတော်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ရသည်။ ၁၆ နှစ်တာကာလအတွင်း ဆည်တမံ ၁၅ခု ဖြစ်ထွန်းလာသည်။ လှည်းကူးမြို့နယ်၌ ၁၉၉၃ ခုနှစ်တွင် တောင်လုံးမြောက်နှင့် ၁၉၉၅ ခုနှစ်၌ ဧက ၇၀၀၀၀ အကျိုးပြုသည့် ငမိုးရိပ် ရေလှောင်တမံတို့ ဖြစ်ထွန်းလာသည်။ ဆက်လက်၍ တိုက်ကြီးမြို့နယ်တွင် ဧက ၅၂၀၀၀ အကျိုးပြု တဘူးလှ ရေလှောင်တမံ၊ သန်လျင်မြို့၌ ဧက ၁၀၀၀ အကျိုးပြု ဇာမဏီအင်း ရေလှောင်တမံ၊ တွံတေးမြို့နယ်၌ ဧက ၇၅၀၀ အကျိုးပြု ဓနိဖြူကုန်း ရေထိန်းတံခါးများ တိုးပွားလာသည်။ ၂၀၀၀ ပြည့်နှစ်၌ ကွမ်းခြံကုန်းမြို့နယ်တွင် ဧက ၂၁၄၀၀ အကျိုးပြု ကွမ်းခြံကုန်း ရေထိန်းတံခါးနှင့် တွံတေးမြို့နယ်တွင် ဧက ၄၀၀၀၀ အကျိုးပြု မိုးမခရေထိန်းတံခါးများ ထပ်မံတိုးပွားလာသည်။ လှည်းကူးမြို့နယ်မှာပင် ၂၀၀၁ ခုနှစ်၌ ဧက ၂၂၀၀၀ အကျိုးပြု လဂွမ်းပြင်၊ ၂၀၀၃ ခုနှစ်၌ ဧက ၉၀၀၀ အကျိုးပြု ကလီထော်၊ ၂၀၀၄ ခုနှစ်၌ မဟူရာနှင့် ပေါင်းလင်းရေကူရေလှောင်တမံတို့ကို ထပ်မံဖြည့်တင်းပေးခဲ့သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း၌ လူမှုစီးပွားရေးဘဝ မြင့်မားလာသည်နှင့်အညီ ရန်ကုန်မြို့တော်၌ လူဦးရေတိုးပွား များပြားလာသည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အချိုးအစားနှင့်ဆီလျော်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးရသဖြင့် မြို့သစ်ရွာသစ်များ တည်ထောင်ပေးခဲ့ရသည်။ စိုက်ပျိုးမြေဧရိယာ နှစ်သောင်းနီးပါး လျော့နည်းသွားသော်လည်း စိုက်ပျိုးစွမ်းအား မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် သီးထပ်စိုက်နိုင်သည့်ဧက ယခင်ကထက် နှစ်ဆမြင့်တက်လာသည်။ နွေစပါးဧက တစ်သိန်းခြောက်သောင်းကျော်ကို အထွက်နှုန်းတင်း ၈၀ အထိရအောင် စိုက်ပျိုးစေခဲ့သဖြင့် ထုတ်လုပ်နိုင်မှုပါ မြင့်တက်လာသည်။ သီးထပ်ဧရိယာ ထပ်မံတိုးတက်ရေးအတွက် မြစ်ရေတင်လုပ်ငန်းရှစ်ခု ဖော်ဆောင်ပေးထားပြီး ဆောင်ရွက်ဆဲ သုံးခုရှိကာ နောက်ထပ် ၁၂ခု ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ သန်လျင်မြို့နယ်တွင် ဧက ၃၀၀၀၀ အကျိုးပြုမည့် ခရမ်းရေထိန်းတံခါးနှင့် သုံးခွမြို့နယ်၌ ဧက ၂၉၀၀၀ အကျိုးပြုမည့် သုံးခွ ရေထိန်းတံခါးနှစ်ခုဖြင့် အကျိုးပြုဧက ဆပွားတိုးတက်အောင် ဖော်ဆောင်ပေးနေဆဲဖြစ်သည်။

ရန်ကုန်မြို့တော်၌ စားဖိုဆောင်သုံး သီးနှံအပါအဝင် အခြားသီးနှံများ စားသုံးမှုဖူလုံရေးအတွက် မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်းဖြင့် တပ်မတော်နှင့် ဌာနဆိုင်ရာများက တစ်တပ်တစ်အား ပါဝင်ကူညီ ပံ့ပိုးပေးလျက်ရှိသည်။ ဒေသအားလုံး ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်ရေး ဖော်ဆောင်ပေးနေသဖြင့် ရန်ကုန်တိုင်း၏ စိုက်ပျိုးရေးကဏ္ဍမှာ အောက်ဖော်ပြပါအတိုင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပေသည်–

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၁၄၈၇၇၈၆	၁၄၆၇၉၆၇	အခြားမြေတိုး
– မြေလွတ်မြေရိုင်းဧက	၁၆၈၃၉၄	၁၂၄၅၃	
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– **ဆည်၊ကန်၊တာတမံ၊ရေနုတ်**	၅၈	၇၅	၁၇
– ဆောင်ရွက်ပြီးလုပ်ငန်း	၅၈	၇၃	၁၅
– ဆောင်ရွက်ဆဲလုပ်ငန်း *	–	၂	၂
– **မြစ်ရေတင်လုပ်ငန်း**	မရှိ	၂၃	၂၃
– ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၈	၈
– ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၃	၃
– ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၁၂	၁၂
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၁၇၁၅	၁၇၁၅
– မြေအောက်ရေတွင်းများ	မရှိ	၅၆၂	၅၆၂
– စုစုပေါင်းအကျိုးပြုမည့်ဧက	၂၉၁၀၄၀	၁၀၀၆၀၃၄	၇၁၄၉၉၄
သီးထပ်ဧကဖြစ်ထွန်းမှု	**၁၅၇၁၄၅**	**၅၃၉၄၁၂**	**၃၈၂၂၆၇**
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၁၂၂၅၈၂၃	၁၁၈၈၈၇၀	နွေစပါးတိုးမြှင့်
– တစ်ဧကအထွက်နှုန်း*	၆၃.၄၅	၆၄.၅၄	၁.၀၉
– နွေစပါးစိုက်ဧက	မရှိ	၁၆၂၇၈၃	၁၆၂၇၈၃
– တစ်ဧကအထွက်နှုန်း*	မရှိ	၈၀.၀၀	၈၀.၀၀
– စုစုပေါင်းထုတ်လုပ်မှု	၇၆၆၂၃	၈၆၉၃၀	၁၀၃၀၇
– ဒေသဝမ်းစာဖူလုံမှု	–	၁၀၁%	၁၀၁%
ပဲမျိုးစုံစိုက်ဧက	၁၇၂၀၅	၃၅၅၃၉၂	၃၃၈၁၈၇
ကြံစိုက်ဧက	၁၀၁၃	၁၂၃၄၃	၁၁၃၃၀
ဂုန်လျှော်စိုက်ဧက	မရှိ	၁၀၇၃	၁၀၇၃
ရော်ဘာစိုက်ဧက	၅၀၉၄	၂၉၄၂၄	၂၄၃၃၀

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ

မျက်မှောက်ခေတ်၌ ရန်ကုန်တိုင်း၏ ငါးပုစွန်မွေးမြူမှု ထုထည်ပမာဏ ကြီးမားကျယ်ပြန့်လာသည်။ မြို့တော်နေ ပြည်သူများ နေ့စဉ်ဖူဖူလုံလုံ စားသုံးနိုင်ရေးအတွက် ရတက်အေးဖွယ်ဖြစ်သည်။ ၁၉၈၈ ခုနှစ်က ငါး မွေးမြူရေးကန် ၉၂၇ ဧကသာ ရှိရာမှ ယခုအခါ ၅၀၇၈၆ ဧကအထိ ရှိလာသည်။ ပုစွန်မွေးရေပြင်ဧက ယခင်က ၃၀ သာရှိခဲ့ရာမှ ယနေ့ကာလ၌ ဧကတစ်သောင်းနီးပါး တိုးပွားမွေးမြူထားသည်။ ကျေးလက်နေပြည်သူများ အတွက် စပါး–ငါး တွဲဖက်မွေးမြူရေး အားပေးလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ထွန်းနေသည်။ မျက်မှောက်ခေတ်၌ စားရေးဟူသည့် လူမှု အခြေခံလိုအပ်ချက်၌ပင် ဟာကွက်မရှိအောင် ဖော်ဆောင်ပေးလျက်ရှိသည်ကို အောက်ပါနှိုင်းယှဉ်မှုဖြင့် သက်သေပြအပ်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု			
– ကျွဲ	၁၃၈၀၀၀	၁၁၈၀၀၀	၂၀၀၀၀
– နွား	၄၉၁၀၀၀	၅၁၇၀၀၀	၂၆၀၀၀
– သိုး/ဆိတ်	၃၂၀၀၀	၆၁၀၀၀	၂၉၀၀၀
– ဝက်	၂၇၃၀၀၀	၃၈၇၀၀၀	၁၁၄၀၀၀
– ကြက်	၃၄၈၄၀၀၀	၁၁၁၉၇၀၀၀	၇၇၁၃၀၀၀
– ဘဲ	၁၅၉၇၀၀၀	၁၆၁၇၀၀၀	၂၀၀၀၀
– ငုံး	မရှိ	၁၅၈၀၀၀	၁၅၈၀၀၀
ငါးပုစွန်တိုးချဲ့မွေးမြူမှု			
– ငါးမွေးမြူရေးကန်ဧက	၉၂၇.၅၀	၅၀၇၈၆.၅၄	၄၉၈၅၉.၀၄

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– စပါးငါးတွဲဖက်စိုက်ပျိုးမှုဧက	မရှိ	၂၀၈၀.၀၀	၂၀၈၀.၀၀
– ကောင်ရေ(သိန်း)	မရှိ	၁၀.၄၂	၁၀.၄၂
– **ပုစွန်မွေးရေပြင်ဧက**	၃၀.၀၀	၉၈၂၀.၀၀	၉၇၉၀.၀၀
– **ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု(သိန်း)**			
– ထုတ်လုပ်မှု	၁၆.၈၄	၁၂၃၆.၉၇	၁၂၂၀.၁၃
– မျိုးစိုက်မှု	၂.၉၇	၅၉၉.၇၄	၅၉၆.၇၇
– ရောင်းချမှု	၁၃.၈၇	၆၃၇.၂၃	၆၂၃.၃၆

သစ်တောပြုစုထိန်းသိမ်းမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို ပုပ္ပားတောင်မှစကာ သစ်တောသစ်ပင်များ စိုက်ပျိုးပြီး စိမ်းလန်းစိုပြည်ရေးထီးကြီးဖြင့် မိုးပေးနေသည်။ အလားတူပင် ရန်ကုန်မြို့တော်မှစကာ ပတ်ဝန်းကျင်တစ်ခွင်လုံး သစ်ပင်သစ်တောများဖုံးနေအောင် ပျိုးထောင်ပေးလျက်ရှိသည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးပါအဝင် ဝေဟင်မှမြင်သမျှ ဒေသအားလုံး စိမ်းလန်းစိုပြည်ရေး အလေးထားဆောင်ရွက်နေကြောင်းကို အောက်ပါဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားတွင် ထင်ရှားစွာတွေ့ရှိရမည်ဖြစ်သည်–

*** စတုရန်းမိုင်**

သစ်တောပြုစုထိန်းသိမ်းမှုကဏ္ဍ ***အပင်(သန်း)**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၄၆၈	၄၂၈	(–) ၄၀
သဘာဝနယ်မြေဧရိယာ*	၂.၄၁	၂.၄၁	–
သစ်တောစိုက်ခင်းထူထောင်ခြင်း(ဧက)	၅၉၃၅	၄၄၇၆၇	၃၈၈၃၂
– ကျွန်းအထူးစိုက်ခင်းဧက	မရှိ	၇၀၀၀	၇၀၀၀
– စီးပွားရေးစိုက်ခင်းဧက	၁၅၀၀	၈၂၂၀	၆၇၂၀
– ကျေးရွာသုံးစိုက်ခင်းဧက	၄၃၃၅	၁၀၆၇၅	၆၃၄၀
– စက်မှုကုန်ကြမ်းစိုက်ခင်းဧက	မရှိ	၅၀၀	၅၀၀
– ရေဝေရေလဲစိုက်ခင်းဧက	၁၀၀	၁၈၃၇၂	၁၈၂၇၂
သစ်ဆိမ့်ပင်စိုက်ခင်း(ဧက)	မရှိ	၆၅၀	၆၅၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း*	၀.၉၀	၁၄.၄၄	၁၃.၅၄

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

မြို့တော်ကို ဗဟိုပြုထားသဖြင့် ရန်ကုန်တိုင်း၏ ပို့ဆောင်ရေးကဏ္ဍမှာ အထိုက်အလျောက် အဆင်ပြေသလို ရှိခဲ့သည်။ ပြည်တွင်းပြည်ပ ရေကြောင်းခရီးစဉ်၊ လေကြောင်းခရီးစဉ်များရှိသည်။ ရထားလမ်းများဆုံရာ ဗဟိုချက်မဖြစ်သည်။ ကားလမ်းများဆုံရာ မြို့တော်လည်းဖြစ်သည်။

သို့သော် မြစ်ချောင်းများကြားမှာ တည်ရှိနေသဖြင့် ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းမှာပင် ကူးတို့ဖြင့် သယ်ပို့နေရသည်။ လှေသမ္ဘာန် သင်္ဘောများဖြင့် သွားနေရသည်။ ရန်ကုန်မြို့အရှေ့ဘက်ထွက်ပေါက်အဖြစ် သန်လျင်တံတား တစ်စင်းသာ ရှိသည်။ တိုင်းအတွင်း မြို့နယ်နှင့်ကျေးလက်များသို့ ပို့ဆောင်ဆက်သွယ်မှု ခက်ခဲနေသည်မှာ ကာလများစွာ ကြာခဲ့ပြီ။

ယခင်လူဦးရေနည်းပါးစဉ် အနေအထားအရ အာရှတိုက်၏ လှကေရီတစ်ပါးဟု ကျော်ကြားခဲ့သည့် ရန်ကုန်မြို့ကို နိုင်ငံတကာမြို့တော် အင်္ဂါရပ်နှင့်အညီ တိုးချဲ့ပြုပြင် မွမ်းမံပေးနေရသည်။ မြို့တော်၏အနောက်ဘက် ထွက်ပေါက်အဖြစ် လှိုင်မြစ်ကူးတံတားနှင့် အောင်ဇေယျတံတားနှစ်စင်းကို တည်ဆောက်ကာ ဧရာဝတီတိုင်းနှင့် ချိတ်ဆက်၍ ကားလမ်းသစ် တစ်ခု ဖောက်လုပ်ပေးခဲ့သည်။ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနှင့် ချိတ်ဆက်ထားသော ရန်ကုန်မြို့တော်အဝင်လမ်းများ ပေါ်ထွက်လာသည်။ ကဒ္ဒပန–ခနောင်–ဇွဲဘာကုန်းတန်း–ကွနီး–ကမာကလုပ်လမ်း စသည်ဖြင့် တိုင်းအတွင်းဒေသများ၌ ရန်ကုန်မြို့တော်သူ မြို့တော်သားများ မကြားဖူးခဲ့သည့် မြို့ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းသစ်များ ဖြစ်ထွန်းလာခဲ့သည်။

အထူးစီမံကိန်းဝင်ခြောက်စင်းအပါအဝင် ပေ ၁၈၀ အထက်တံတားကြီး ၂၃ စင်း ရန်ကုန်တိုင်း၏မြင်ကွင်း၌ ပေါ်ထွန်းခဲ့သည်။ မဟာဗန္ဓုလတံတား (ပုဇွန်တောင်)၊ ငမိုးရိပ်တံတား(သဃ်န်းကျွန်း)၊ လှိုင်မြစ်ကူးတံတား(ရွှေပြည်သာ)၊ လှိုင်မြစ်တံတား(မြို့ချောင်း)၊ ဘောလယ်မြစ်တံတား(ရေပေါ်သောင်)၊ အောင်ဇေယျတံတား(အင်းစိန်)တို့ဖြင့် အချိန်မကုန် လူမပန်း ဖြောင့်ဖြောင့်တန်းတန်း သွားလာနိုင်ခဲ့ကြပြီ။ တည်ဆောက်နေဆဲတံတားခုနစ်စင်း ပြီးမြောက်လျှင် လိုရာခရီး အရောက် ကားဖြင့်တောက်လျှောက်သွားနိုင်တော့မည်ဖြစ်သည်။

"တပ်မတော်အစိုးရက နိုင်ငံတော်ကို သူမတူအောင် ထူထောင်ပေးလျက်ရှိရာတွင် ခေတ်နောက်ကျမှုအကြွေးကိုလည်း ပေးဆပ်နေရသည်။ အနာဂတ်အတွက်လည်း ရင်းနှီးမြှုပ်နှံနေရသည်။ သို့ပင်ဖြစ်ငြား အရှိန်အဟုန်ဖြင့် ပြောင်းလဲ တိုးတက်အောင် စွမ်းဆောင်ပေးနေပါတကား" ဟူသော သစ္စာတရားကို ရန်ကုန်တိုင်းအတွင်းမှ ချစ်စရာတံတားအစင်းစင်းနှင့်အတူ ပို့ဆောင်ရေးကဏ္ဍအသီးသီးက အောက်ပါအတိုင်း မေတ္တာစကားခင်းလျက်ရှိနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ရထားပို့ဆောင်ရေး			
– ရထားလမ်းခရီးမိုင်	၁၀၉.၂၅	၁၄၇.၅၁	၃၈.၂၆
– သံလမ်းမိုင်	၁၉၅.၄၅	၂၄၁.၁၆	၄၅.၇၁
– ခရီးသည်ဦးရေ(ထောင်)	၂၂၇၇၄.၄	၂၄၂၈၁.၈	၁၅၀၇.၄
– ခရီးသည်မိုင်	၃၇၇၄၃၃.၅	၃၈၇၇၁၄.၇	၁၀၂၈၁.၂
– ကုန်တန်ချိန်(ထောင်)	၃၂၆.၆	၅၀၀.၅	၁၇၃.၉
– ကုန်တန်မိုင်	၅၉၅၉၁.၂	၁၀၆၄၂၄.၈	၄၆၈၃၃.၆
– ဘူတာရုံ	၄၅	၇၁	၂၆
လေကြောင်းပို့ဆောင်ရေး			
– လေယာဉ်ကွင်းများ	၃	၃	–
– ပြေးလမ်းပေ(၅၀၀၀)အထက်	၂	၂	–
– ပြေးလမ်းပေ(၅၀၀၀)အောက်	၁	၁	–
ရေကြောင်းပို့ဆောင်ရေး			
– ဆိပ်ခံတံတား(ပြည်တွင်းသင်္ဘော)	၃၆	၅၄	၁၈
– ဆိပ်ခံတံတား(နိုင်ငံခြားသင်္ဘော)	၁၃	၂၉	၁၆
ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု(မိုင်)	၂၄၃/၀	၅၄၃/၄	၃၀၀/၄
– ကတ္တရာလမ်းမိုင်	၂၂၈/၀	၃၂၈/၄	၁၀၀/၄

စာမျက်နှာ ၁၀ ကော်လံ ၁

(၁၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

၁၉၈၈ ခုနှစ်နောက်ပိုင်း

ရန်ကုန်တိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ရန်ကုန်တိုင်း သန်လျင်မြို့နယ် သီလဝါစက်မှု နယ်မြေရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပင်မဆောင် အဆောက်အအုံသစ်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် အမှတ်(၃)ရှိ စက်ရုံ၊အလုပ်ရုံများမှ ပြည်ပပို့ကုန်များ၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အောင်ဇေယျ တံတား

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ပေးထားသည့် တံတားအရှည် ၃၇၈၆ ပေရှိ အောင်ဇေယျ တံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

စာမျက်နှာ ၈ မှ

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ကျောက်ခင်းလမ်းမိုင်	၉/၀	၆၂/၅	၅၃/၅
- အမာခံလမ်းမိုင်	၆/၀	၇၂/၇	၆၆/၇
- မြေသားလမ်းမိုင်	-	၇၉/၄	၇၉/၄
တံတားများတိုးချဲ့တည်ဆောက်မှု			
- ပြည်သူ့ဆောက်လုပ်ရေး			
- ပေ(၁၈၀)အထက်တံတား	၇	၃၇	၃၀
- တည်ဆောက်ပြီးတံတား *	၇	၃၀	၂၃
- တည်ဆောက်ဆဲတံတား *	မရှိ	၇	၇
- ပေ(၁၈၀)အောက်တံတား	၄၅	၉၇	၅၂

*** အထူးစီမံကိန်းဝင်တံတားကြီး(၆)စင်း**

၁။ အောင်ဇေယျတံတား (အင်းစိန်)
၂။ မဟာဗန္ဓုလတံတား (ပုဇွန်တောင်)
၃။ ငမိုးရိပ်တံတား (သဃ်ာန်းကျွန်း)
၄။ လှိုင်မြစ်ကူးတံတား (ရွှေပြည်သာ)
၅။ လှိုင်မြစ်တံတား (မြို့ချောင်း)
၆။ ဘောလယ်မြစ်တံတား (ရေပေါ်သောင်)

*** တည်ဆောက်ဆဲတံတားကြီး(၇)စင်း**

၁။ ရန်ကုန်-သန်လျင်တံတားအမှတ်(၂)
၂။ ဘော်ချောင်းတံတား (သန်လျင်)
၃။ ပန်းလှိုင်တံတား (လှိုင်သာယာ)
၄။ ရွှေလင်ပန်းတံတား (လှိုင်သာယာ)
၅။ တွံတေးတံတား (တွံတေး)
၆။ ငမိုးရိပ်တံတား(ကမာကြည်) (သဃ်ာန်းကျွန်း)
၇။ ရခိုင်ချောင်တံတား (တွံတေး)

ဆက်သွယ်ရေး

မျက်မှောက်ခေတ်၌ ဒေသစုံကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို စေ့စေ့စပ်စပ် လေ့လာကြည့်ရှုလျှင် မှတ်မှတ် သားသား သတိပြုဖွယ်ရာများကို အထင်အရှား တွေ့ရှိရမည်ဖြစ်သည်။ နိုင်ငံ၏အနားသတ် နယ်စပ်ဒေသများ ဖွံ့ဖြိုးမှုကို အားပြုပြီး မြို့ကြီးများသို့ အားစုသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး အားမွေးပြီး မြို့နယ်များ ဖွံ့ဖြိုးရေးအားပေးသည်။ အချက်အချာမြို့ကြီးများကို ဗဟိုပြုပြီး ကျေးလက်နှင့်နယ်စပ်ဒေသများကို လွှမ်းခြုံသက်ရောက်အောင် အထောက်အကူ ပြုသည်။

ဤတည်ဆောက်ရေးသဘောတရားကို နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးစီမံကိန်း၊ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏ ရွေ့လျားဆက်စပ် ပေါင်းစပ်စုစည်း တစ်ဆက်တစ်စပ်တည်း ဖြစ်လာနေပုံက သက်သေပြနေသည်။

ယနေ့ကာလ ရန်ကုန်တိုင်း၏ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားကို အောက်တွင်ဖော်ပြထားရာ ထီးတစ်ချောင်း၏မဏ္ဍိုင်နှင့် ခရိုင်တို့သဖွယ် တစ်နိုင်ငံလုံးနှင့် ယှက်နွှယ်ဆက်သွယ်နေသောသဘောကို စောကြောနိုင်မည် ဖြစ်သည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၆၈	၁၀၃	၃၅
ကြေးနန်းရုံး	၃၂	၅၀	၁၈
ဖက်စ်စီမီလီ	၁	၃၁၄၃	၃၁၄၂
ကွန်ပျူတာကြေးနန်း	မရှိ	၁၁	၁၁
တယ်လီဖုန်းလုပ်ငန်း			
- တယ်လီဖုန်းရုံး	၂၂	၇၃	၅၁
- လိုင်းအင်အား	၃၄၃၄၀	၂၂၃၆၅၅	၁၈၉၃၁၅
- အိတ်ချိန်း	၂၂	၆၀	၃၈
- တိုက်ရိုက်လိုင်း	၃၅၃၅၇	၂၀၀၅၀၆	၁၆၅၁၄၉
- အော်တို/လက်သုံးတယ်လီဖုန်း	၃၅၃၅၇	၁၃၅၈၉၇	၁၀၀၅၄၀
- အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၁၉၉၆	၁၉၉၆
- CDMA တယ်လီဖုန်း	မရှိ	၂၈၂၈၈	၂၈၂၈၈
- ဆယ်လူလာတယ်လီဖုန်း	မရှိ	၁၀၉၂၈	၁၀၉၂၈
- DECT တယ်လီဖုန်း	မရှိ	၄၅၁	၄၅၁
- GSM တယ်လီဖုန်း	မရှိ	၂၃၂၄၆	၂၃၂၄၆
- တယ်လီဖုန်းသိပ်သည်းဆ (လူ၁၀၀၀လျှင်)	၇.၅၈	၃၂.၆၈	၂၅.၁
မိုက္ကရိုဝေ့ဗ်စခန်း	၆	၁၂	၆
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၁၃	၁၃
အီးမေးလ်၊အင်တာနက်	မရှိ	၅၄၃၉	၅၄၃၉
X.25 Line လိုင်း	မရှိ	၁၂၆	၁၂၆
မိုက္ကရိုလင့်	-	-	-
Optical Fiber လိုင်း	မရှိ	၉၀၄၁	၉၀၄၁
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
- DOMSAT	-	-	-
- VSAT	-	-	-
- iPSTAR	မရှိ	၁	၁
ပြည်ပဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်း	မရှိ	၂	၂
ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချယ်နယ်	မရှိ	၆၇၅	၆၇၅
ပြည်ပရေအောက်ကေဘယ်လ်ချယ်နယ်	မရှိ	၁၀၁၂	၁၀၁၂
အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချယ်နယ်	မရှိ	၁၆၆၉	၁၆၆၉

အော်တိုတယ်လီဖုန်းဌာန၏လိုင်းအားတိုးချဲ့ခြင်း(ဆောင်ရွက်ဆဲ)

ဟံသာဝတီ၊ ဗဟန်း၊ မောင်ထော်လေး၊ သဃ်ာန်းကျွန်း၊ အင်းစိန်၊ ရွှေပြည်သာ စုစုပေါင်း လိုင်းအင်အား(၂၉၅၀၀)

DECT တယ်လီဖုန်းစီမံကိန်းပထမအဆင့်(ဆောင်ရွက်ဆဲ)

ရန်ကုန်တိုင်း လိုင်းအင်အား(၂၀၀၀)

လျှပ်စစ်စွမ်းအားကဏ္ဍ

ရန်ကုန်တိုင်းသည် ၁၉၈၈ ခုနှစ်က ဓာတ်အားယူနစ် ၅၄၅ဒသမ၀၇၇ သန်းသာ သုံးစွဲနိုင်ခဲ့သည်။ တပ်မတော်အစိုးရ လက်ထက်တွင် ဖွံ့ဖြိုးတိုးတက်လာသော လူမှုစီးပွားရေးဘဝနှင့် ထူထောင်ပေးနေရသော စက်မှုကဏ္ဍတို့၏ လိုအပ်ချက်ကို ချင့်တွက်၍ ယူနစ်သန်းပေါင်း ၃၀၈၄ဒသမ၃၁၂သန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့သည်။

ယခင်ကာလကထက် ခြောက်ဆနီးပါး တိုးတက်လာခြင်းဖြစ်သည်။ ရန်ကုန်တိုင်း၏ လူဦးရေမှာလည်း ယခင် ကထက် ၁ဒသမ၉သန်း ပိုများလာသည်။ လူနေမှုပုံစံနှင့် အဆင့်အတန်းကလည်း ပို၍ဆန်းကြယ်လာသည်။ လျှပ်စစ် ဆိုင်ရာ အသုံးအဆောင်ပစ္စည်း သုံးစွဲနိုင်မှုကိုကြည့်လျှင် ယခင်က အိမ်ထောင်စုတစ်စု ပစ္စည်းတစ်မျိုးလျှင် တစ်ခုသာ သုံးစွဲနိုင်ခဲ့သော်လည်း မျက်မှောက်ခေတ်၌ လူတစ်ယောက် ပစ္စည်းတစ်ခုနီးပါး သုံးစွဲနေကြသည်။

ရန်ကုန်တိုင်း၏ စက်မှုလက်မှုကဏ္ဍ၌ တိုးပွားလာသော စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ၏ အင်အားကို လေ့လာကြည့်လျှင် နိုင်ငံ၏ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အကြောင်းချင်းဆက်နေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် မည်မျှမြင့်မားနေသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

ထူထောင်ရေးကာလဖြစ်၍ လိုအပ်ချက်များကလည်း များပြားလှသည်။ ရေကိုမလိုရွှေကိုလိုသည့် ဒေသတိုင်းတွင် ရေတိုအကျိုးကိုမကြည့်ဘဲ တစ်မျိုးသားလုံးအတွက် ရေရှည်အကျိုးကိုကြည့်ကာ ရွှေဆည်ကြီးများကို အရေးတကြီး တည်ဆောက်ပေးခဲ့ရသည်။ ပြည့်ဝမ်းဗိုက်အရေးဦးစားပေးရင်း တစ်ပြိုင်တည်းမှာပင် ပြည့်အသက်သွေးကြောသဖွယ်ဖြစ်သော ပြည်ထောင်စုလမ်းမကြီးများကို ရွှေနှင့်ဆက် ငွေနှင့်ဆက်၍ ရွှေလမ်းငွေလမ်း ဖောက်ပေးခဲ့ရသည်။ ရွှေတံတား အစင်းစင်း ခင်းပေးခဲ့ရသည်။ အစာအိမ်ပြည့်ဝရုံမက နှလုံးအိမ်ပါလုပပြီး ကျန်းမာရေးသုခနှင့် ပြည့်ဝစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများ၊ ဆေးရုံနှင့်ဆေးခန်းများကို တိုးချဲ့မြှင့်တင် ဟန်ချက်ညီအောင် ဆင်ယင်ပေးခဲ့ရသည်။

ယခုမူ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ရွှေပြည်သစ်၏ အုတ်မြစ်ကြီးများ ပြည့်စုံလု နီးပါး ရှိထားလေပြီ။ လက်ရှိကာလသည် လျှပ်စစ်စွမ်းအားထွန်းကားအောင် ဖော်ဆောင်နေသည့် အချိန်ကာလဖြစ်သည်။

တပ်မတော်အစိုးရက ပြည်ကြီးမဏ္ဍိုင်ထွန်းကားရေးအတွက် ဆီမီးဖြိုင်ဖြိုင် စွမ်းအားပေးရန် နိုင်ငံတစ်ဝန်း၌ ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၂ ခုကို ပေါင်းစုမနေး တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း သတင်းကောင်း ပါးလိုက်ရပေသည်-

ဓာတ်အားသုံးစွဲမှု-ယူနစ်(သန်း) * မဂ္ဂါဝပ်

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု*	၅၄၅.၀၇၇	၃၀၈၄.၃၁၂	၂၅၃၉.၂၃၅
အမြင့်ဆုံးဝန်အား*	၁၄၆.၀၀၀	၄၃၀.၀၀၀	၂၈၄.၀၀၀
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
- စွန့်ပစ်အပူသုံးစက်ရုံ	မရှိ	၄	၄
- ရေနွေးငွေ့သုံးစက်ရုံ	၁	၁	-
- သဘာဝဓာတ်ငွေ့သုံးစက်ရုံ	၁	၅	၄
- ဒီဇယ်ဆီသုံးစက်ရုံ	၂၆	၈	
မဟာဓာတ်အားတိုး			
- စက်တပ်ဆင်အင်အား*	၁၁၀.၇၁၆	၄၆၅.၂၂၃	၃၅၄.၅၀၇
လက်ရှိစက်တပ်ဆင်အင်အား*	၁၁၀.၇၁၆	၄၆၅.၂၂၃	၃၅၄.၅၀၇

တည်ဆောက်ပြီးရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ

၁။ ရွာမ ၃၀.၀၀၀ မဂ္ဂါဝပ် (အကြီးစား)

တည်ဆောက်ပြီးသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ

၁။ ရွာမ ၃၆.၉၀၀ မဂ္ဂါဝပ် (အကြီးစား)
၂။ သာကေတ ၅၇.၀၀၀ မဂ္ဂါဝပ် (အကြီးစား)
၃။ အလုံ ၉၉.၀၀၀ မဂ္ဂါဝပ် (အကြီးစား)
၄။ လှော်ကား ၉၉.၀၀၀ မဂ္ဂါဝပ် (အကြီးစား)
၅။ ရွာမ ၂၃.၀၀၀ မဂ္ဂါဝပ် (အကြီးစား)

တည်ဆောက်ပြီးစွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ

၁။ သာကေတ ၃၅.၀၀၀ မဂ္ဂါဝပ် (အကြီးစား)
၂။ အလုံ ၅၄.၃၀၀ မဂ္ဂါဝပ် (အကြီးစား)
၃။ လှော်ကား ၅၄.၃၀၀ မဂ္ဂါဝပ် (အကြီးစား)
၄။ ရွာမ ၉.၄၀၀ မဂ္ဂါဝပ် (အကြီးစား)

စက်မှုလက်မှု

မျက်မှောက်ခေတ်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သော စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်း ထူထောင်ရေး အလှမ်းမဝေးတော့ပြီဟု ဆိုရမည်ဖြစ်သည်။ စက်မှုဆိုင်ရာ လုပ်ငန်းများကို အင်အားခိုင်မာပြီး ထုထည် ပမာဏ ကြီးမားစေရန် စုစည်းပေးထားသည်။ စက်မှုဆိုင်ရာပညာရှင်များကို မြေတောင်မြှောက်ပြီး နည်းပညာတီထွင်မှု ဖြင့် စက်မှုကဏ္ဍတစ်ခေတ်စန်းပွင့်အောင် လမ်းဖွင့်ပေးထားသည်။

မျက်မှောက်ခေတ်၌ ရန်ကုန်တိုင်း၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဆက်ကောင်းမည့် အခြေခံအကြောင်းတရားများ ဖြည့်ဆည်းပေးထားသဖြင့် အားတက်ဖွယ်ပင်ဖြစ်သည်။ ရန်ကုန်တိုင်း၌ စက်မှုဇုန်လေးဇုန်ကို ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန်၊ ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်၊ ရန်ကုန်တောင်ပိုင်းစက်မှုဇုန်နှင့် ရန်ကုန်မြောက်ပိုင်း စက်မှုဇုန်ဟူ၍ စုဖွဲ့ပေးထားသည်။ စက်မှုဇုန်လေးဇုန်ဟု ဆိုသော်လည်း တစ်ဇုန်စီအောက်၌ ပါဝင်သော စက်မှုဇုန်ငယ် လေးများ၏ အားမှာမသေးလှ။

ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန်တွင် အမှတ်(၁)တောင်ဒဂုံစက်မှုဇုန်၊ အမှတ်(၂)တောင်ဒဂုံစက်မှုဇုန်၊ အမှတ်(၃) တောင်ဒဂုံစက်မှုဇုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်စက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ တောင်ဥက္ကလာပစက်မှုဇုန်နှင့် သာကေတ စက်မှုဇုန်ဟူ၍ ဇုန်ငယ်ကိုးဇုန်အထိ ပါဝင်နေသည်။

ရန်ကုန်အနောက်ပိုင်းစက်မှုဇုန်တွင် မရမ်းကုန်း၊ လှိုင်နှင့်ကမာရွတ်၊ ရန်ကုန်တောင်ပိုင်းစက်မှုဇုန်တွင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ ရန်ကုန်မြောက်ပိုင်းစက်မှုဇုန်တွင် လှိုင်သာယာ၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံစက်မှုဇုန်ငယ်များ ပါဝင်ဖွဲ့စည်းထားသည်။

ရန်ကုန်အရှေ့ပိုင်း၌ လုပ်ငန်းပေါင်း ၁၁၃၆ ခုရှိပြီး အနောက်ပိုင်း၌ ၆၂၁၊ တောင်ပိုင်း၌ ၃၈၂၊ မြောက်ပိုင်း၌ ၅၃၉၊ လုပ်ငန်းစုစုပေါင်း ၂၆၇၈ ခုတည်ရှိကာ ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမားဖြင့် ထုတ်လုပ်မှုတန်ဖိုးမြင့် ဆောင်ရွက် လျက်ရှိသည်။

ပုဂ္ဂလိကစက်ရုံ ၅၇၈၆ ရုံရှိပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၄၈၃၃ ခု အခြေပြုထားသည်။ နိုင်ငံပိုင်စက်ရုံ အင်အားကို ၂၄၁ ရုံအထိ မြင့်မားအောင် ဖွင့်လှစ်ပေးထားသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
- စက်မှုဇုန်များ	မရှိ	၄	၄
- လုပ်ငန်းပေါင်း	မရှိ	၂၆၇၈	၂၆၇၈
- ပုဂ္ဂလိကစက်ရုံ	-	၅၇၈၆	-
- အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	-	၄၈၃၃	၄၈၃၃
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	**၁၉၄**	**၂၄၁**	**၄၇**

စွမ်းအင်ကဏ္ဍ

ရန်ကုန်တိုင်း၌ ကုန်းတွင်းပိုင်း ရေနံမြေတစ်ခု ပေါ်ထွန်းလျက်ရှိသည်။ အဖျောက်ရေနံမြေဖြစ်ပြီး အောက်ပါအတိုင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူရရှိနေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အဖျောက်ရေနံမြေ	-	၁	၁
ဓာတ်ငွေ့ပိုက်လိုင်းအရှည်(မိုင်)	၃၂.၆	၂၃၅.၉၉	၂၀၃.၃၉
ရေနံစိမ်းထုတ်လုပ်မှု(စည်)	-	၁၅၉	၁၅၉
ဓာတ်ငွေ့ထုတ်လုပ်မှုကုဗပေ(သန်း)	-	၃၇၄၅.၇၈	၃၇၄၅.၇၈
ရေနံစိမ်းချက်လုပ်မှုဂါလန်(သန်း)	-	၁၁၄.၉၂၈	၁၁၄.၉၂၈

ပညာရေး

နိုင်ငံ့ပညာရေး မြှင့်တင်ပေးမှုကြောင့် တောင်ပေါ်မြေပြန့်တစ်ခွင်တွင် ပညာသင်ကြားမှုအခွင့်အလမ်းများ ပွင့်လန်းနေသည်ကို တွေ့ရှိနိုင်သည်။ အခြေခံပညာကဏ္ဍတွင် ကျောင်းနေရွယ်ကလေးတိုင်း မူလတန်းပညာ သင်ကြားနိုင်ခွင့်၊ ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ သင်ကြားနိုင်ခွင့်များ ညီမျှစွာလမ်းပွင့်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်း၌ မူလတန်းလွန်ကျောင်း ၂၉၈ ကျောင်းအထိ အဆင့်မြှင့်တင်ပေးခဲ့သည်။ အခြေခံပညာ ကျောင်းသူကျောင်းသားအင်အား ၁၀ သိန်းရောက်လုနီးနီး ပညာဆည်းပူးလျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍ၌လည်း ရန်ကုန်တက္ကသိုလ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ရန်ကင်းပညာရေးကောလိပ်၊ လှည်းကူးပညာရေး ကောလိပ်၊ သဃ်ာန်းကျွန်းပညာရေး ကောလိပ် စသည်တို့ကို ဖွင့်လှစ်ပေးထားရာ ကျောင်းသူကျောင်းသား နှစ်သိန်းနီးပါး ပညာသင်ကြားလျက်ရှိသည်။

မျက်မှောက်ခေတ်တွင် ပညာရည်မြင့်မားရေး အားပေးမှုကြောင့် ရန်ကုန်တိုင်းအတွင်း သူငယ်တန်းကျောင်းဝင်နှုန်း ၉၉ဒသမ၃၀ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၇ဒသမ၄၀ ရာခိုင်နှုန်းအထိ ရှိနေပေသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
- ကျောင်းအင်အား	**၂၃၇၄**	**၂၆၆၇**	**၂၉၃**
- အထက်တန်း	၁၂၆	၂၁၇	၉၁
- အလယ်တန်း	၁၈၃	၂၃၃	၅၀
- မူလတန်းလွန်	မရှိ	၂၉၈	၂၉၈
- မူလတန်း	၂၀၆၅	၁၉၁၉	အဆင့်တိုးမြှင့်
- မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၂၆၄	၂၆၄
- ဆရာ၊ဆရာမဦးရေ	၂၈၈၅၉	၃၀၈၂၀	၁၉၆၁
- ကျောင်းသားဦးရေ	၇၇၆၁၆၂	၉၈၃၅၀၉	၂၀၇၃၄၇
- မူလတန်းကြို			
- ကျောင်းအင်အား	မရှိ	၆၄	၆၄
- ကလေးဦးရေ	မရှိ	၂၁၀၉	၂၁၀၉
- ဆရာအတတ်သင်ပညာရေး			
- သိပ္ပံ၊ကျောင်း၊ပညာရေးကောလိပ်	မရှိ	၃	၃
- ဆရာ၊ဆရာမဦးရေ	၈၅	၁၅၄	၆၉
- သင်တန်းသားဦးရေ	၇၅၆	၃၈၀၉	၃၀၅၃
- သူငယ်တန်းကျောင်းဝင်နှုန်း	၇၀.၄၅%	၉၉.၃၀%	၂၈.၈၅%
- သက်ကြီးစာတတ်မြောက်မှုနှုန်း	၉၀.၄၄%	၉၇.၄၀%	၆.၉၁%
- ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
- မူလတန်းအဆင့်	၂၈.၂၃%	၈.၂၁%	၂၀.၀၂%
- အလယ်တန်းအဆင့်	၃၉.၉၃%	၄.၅%	၃၅.၄၃%
အဆင့်မြင့်ပညာမြှင့်တင်မှု			
- တက္ကသိုလ်၊ကောလိပ်၊ဒီဂရီကောလိပ်	**၈**	**၁၂**	**၄**
- အသက်မွေးဝမ်းကျောင်းတက္ကသိုလ်*	၅	၂	လွှဲပြောင်း
- ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	၁	၆	၅
- ဒီဂရီကောလိပ်	၁	၁	၀
- ကောလိပ်	မရှိ	၃	၃
- သိပ္ပံ**	၁	-	အဆင့်တိုးမြှင့်
- Wide Area Network	မရှိ	၁	၁
- No of WAN Sites	မရှိ	၂၅	၂၅
- သင်ကြားရေးအစီအစဉ်များ	၇၆	၁၈၄	၁၀၈
- ဆရာ၊ဆရာမဦးရေ	၂၉၂၇	၃၅၆၀	၆၃၃
- ကျောင်းသားဦးရေ	၉၀၀၉၂	၁၉၅၂၇၀	၁၀၅၁၇၈
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	**မရှိ**	**၉**	**၉**
- e-Learning Centre	မရှိ	၆၉	၆၉

မှတ်ချက်

* စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သုံးကျောင်းတိုးပြီး ရန်ကုန် စက်မှုတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် လေးကျောင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးသဖြင့် စာရင်းအရ လျော့နည်းသွားခြင်းဖြစ်ပါသည်။

** နိုင်ငံခြားဘာသာသိပ္ပံကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

သိပ္ပံနှင့်နည်းပညာ

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်က ပြင်ဦးလွင်၌ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ စီးပွားရေးဦးတည်ချက်ကို ကနဦး ချမှတ်လုပ်ဆောင်ခဲ့ရတယ်။ တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့တာကြောင့် ယနေ့ဆိုရင် လယ်ယာစီးပွားအတွက် အခြေခံအဆောက်အအုံတွေဟာ လိုအပ်တဲ့ နေရာတိုင်းမှာ အစုလိုက်အဖွဲ့လိုက် တည်ဆောက်ပြီးဖြစ်တယ်။ နောင်ကိုလဲ ဆက်လက်တည်ဆောက်သွားဦးမှာဖြစ်တယ်။ စိုက်ပျိုးမြေတိုးချဲ့ရေး၊ အထွက်နှုန်းမြင့်မားရေး၊ သီးနှံအမယ်သစ်များ စိုက်ပျိုးရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာမှာ ယနေ့ဆိုရင် ဆန်စပါးဟာ ပိုလျှံလာတဲ့ အခြေအနေကို ရရှိခဲ့ပြီဖြစ်တယ်။

"နိုင်ငံတစ်နိုင်ငံမှာ စားရေရိက္ခာ ဖူလုံပြီးတဲ့နောက် နိုင်ငံတော်နဲ့ နိုင်ငံသားတွေ ချမ်းသာဖို့အတွက် စက်မှုနိုင်ငံကို ထူထောင်ရမှာဖြစ်တယ်။ စက်မှုနိုင်ငံထူထောင်ဖို့အတွက် အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေ အများကြီးလိုအပ်တယ်။ ဒါကြောင့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်ပြီး တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူသားစွမ်းရည်မြင့်မားရေးကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဖွံ့ဖြိုးမှု ကွက်လပ်မကျန်ရစေဖို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကိုလဲ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတယ်။ ယခုအခါ ဒို့တိုင်းရင်းသားအားလုံးဟာ ကိုယ့်ဒေသမှာကိုယ် သိပ္ပံနဲ့နည်းပညာကို သင်ယူနိုင်ကြပြီဖြစ်တယ်။

"ဒါ့အပြင် စက်မှုထွန်းကားရေးအတွက် အထူးလိုအပ်တဲ့ လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေးကိုလဲ ဦးစားပေးပြီး ကြိုးပမ်းတည်ဆောက်နေပြီဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်က ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရမယ့် လူသားအရင်းအမြစ်များ ဖြစ်ကြတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အရပ်ရှိမှ အရိပ်ထွက်တယ် **ဆိုတဲ့ စကားအတိုင်း ပင်ကိုအရည်အချင်းမြင့်မားအောင် ကြိုးစားကြမှ တို့နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာမှာ မြန်ဆန်စွာ တိုးတက်ထွန်းကားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။"**

ဟူ၍ နိုင်ငံတော်၏ ရှေ့အလားအလာကောင်းများကို မြွက်ကြားခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ရှေ့သို့ တစ်ဆင့် တက်လှမ်းတော့မည်ဖြစ်သည်။ လိုအပ်သောပညာရှင်များ ပေါ်ထွန်းရေး ကြိုတင် ပြုစုပျိုးထောင်လျက်ရှိသည်။ အခြားပြည်နယ်/တိုင်းများနည်းတူ ရန်ကုန်တိုင်းအတွင်းမှ သိပ္ပံနှင့်နည်းပညာရှင် ပေါ်ထွက်လာအောင် အောက်ပါအတိုင်း ပြုစုပျိုးထောင်လျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– **ရန်ကုန်နည်းပညာတက္ကသိုလ်**	၁	၁	–
– သင်တန်းအရေအတွက်	၁၈	၇၂	၅၄
– ဆရာ၊ဆရာမဦးရေ	၂၅၆	၄၇၈	၂၂၂
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၆၈၇	၁၀၉၄၇	၁၀၂၆၀
– ကျောင်းသားဦးရေ(လက်ရှိ)	–	၁၂၈၉	၁၂၈၉
– **ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**	၁	၁	–
– သင်တန်းအရေအတွက်	၂	၁၀	၈
– ဆရာ၊ဆရာမဦးရေ	၄၀	၁၅၁	၁၁၁
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၁၉	၁၆၁၃၇	၁၆၁၁၈
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၂၇၈၇	၁၂၇၈၇
နည်းပညာကောလိပ်များ			
– **အစိုးရနည်းပညာကောလိပ်(မှော်ဘီ)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၉	၉
– **အစိုးရနည်းပညာကောလိပ်(သန်လျင်)**	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၁၁	၁၁
– **ဆရာ၊ဆရာမဦးရေ**	မရှိ	၃၂၀	၃၂၀
– **ကျောင်းသားဦးရေ(မွေးထုတ်ပြီး)**	မရှိ	၁၀၅၈၆	၁၀၅၈၆
– **ကျောင်းသားဦးရေ(လက်ရှိ)**	မရှိ	၅၈၂၈	၅၈၂၈
စက်မှုလက်မှုသိပ္ပံ			
– **အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)**	၁	၁	–
– သင်တန်းအရေအတွက်	၅	၅	–
– ဆရာ၊ဆရာမဦးရေ	၈၆	၄၀	–
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	၆၄၇၁	၁၀၅၄၆	၄၀၇၅
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၁၇	၁၇

ကျန်းမာရေး

မျက်မှောက်ခေတ်၌ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဓိကလုပ်ငန်းစဉ်အဖြစ်သတ်မှတ်ကာ တစ်နိုင်ငံလုံး ဆေးဝါးကုသမှုနှင့် ရောဂါကာကွယ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်ပေးနေသည်။ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် ဆေးရုံကြီးများကို ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီး စံကိုက်ဖွဲ့စည်းပုံဖြင့် ဖွင့်လှစ်ရေးဆောင်ရွက်ပေးခဲ့သည်။ ဆေးရုံကြီးအားလုံးကို ခုတင်(၂၀၀)ဆံ့အထူးကုဆေးရုံများအဖြစ် အဆင့်တိုးမြှင့်ပေးပြီး အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများအပြင် အထူးကုရာတွင် လိုအပ်သည့် စက်ကိရိယာများကို ဖြည့်တင်းတပ်ဆင်ပေးလျက်ရှိသည်။

မြို့နယ်အသီးသီးရှိ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်ပေးထားသည်။ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးတိုင်းတွင် အထူးကုဘာသာရပ်(၁၂)မျိုးအတွက် အထူးကုဆရာဝန်ကြီးများခန့်ထားပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနေပေသည်။ မျက်မှောက်ခေတ်၌ နိုင်ငံတော်၏ဖြည့်ဆည်းမြှင့်တင်မှုဖြင့် ရန်ကုန်တိုင်း၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေပုံကို အောက်ပါအတိုင်း တွေ့ရှိရသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	**၅၃**	**၇၄**	**၂၁**
– အထူးကုဆေးရုံ	၉	၉	–
– သင်ကြားရေးဆေးရုံ	၃	၃	–
– ခုတင်(၃၀၀)	မရှိ	၂	၂
– ခုတင်(၂၀၀)	၃	၃	–
– ခုတင်(၁၅၀)	၂	၁	အဆင့်တိုးမြှင့်
– ခုတင်(၁၀၀)	၁	၂	၁
– ခုတင်(၅၀)	၇	၁၀	၃
– (၂၅)ခုတင်	၅	၁၁	၆
– (၁၆)ခုတင်	၆	၈	၂
– တိုက်နယ်/မြို့နယ်ဆေးရုံ	၁၇	၂၅	၈
ကျန်းမာရေးလုပ်ငန်းဌာနများ	**၁၄၇**	**၁၆၇**	**၂၀**
– ကျေးလက်ကျန်းမာရေးဌာန	၇၀	၇၇	၇
– မိခင်ကလေးကျန်းမာရေးဌာန	၂၁	၂၁	–
– ဒေသန္တရကျန်းမာရေးဌာန	၃၅	၄၈	၁၃
– ကျောင်းကျန်းမာရေးအဖွဲ့	၂၁	၂၁	–
ကျန်းမာရေးဝန်ထမ်းများ	**၃၄၄၉**	**၄၆၀၃**	**၁၁၅၄**
– ဆရာဝန်(အထူးကု/လက်ထောက်)	၇၄၅	၁၂၄၂	၄၉၇
– သူနာပြု	၁၆၅၂	၁၉၂၈	၂၇၆
– ကျန်းမာရေးဆရာမ	၁၉၃	၂၀၄	၁၁
– သားဖွားဆရာမ	၆၁၁	၇၄၁	၁၃၀
– ကျွမ်းကျင်ဝန်ထမ်း	၁၁၈	၁၅၈	၄၀
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၉	၉
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၄၅	၄၅
– လက်ထောက်ကျန်းမာရေးမှူး	၇၈	၈၉	၂၁
– ကြီးကြပ်(၁)/(၂)	၅၂	၈၇	၃၅
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	၁	၁	–
– တိုင်းရင်းဆေးပေးခန်း	၁၂	၂၁	၉
သင်တန်းကျောင်းများ	**၄**	**၅**	**၁**
– သူနာပြုသင်တန်းကျောင်း	၂	၃	၁
– သားဖွားသင်တန်းကျောင်း	၂	၂	–
ဆေးနှင့်ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များ*	**၃**	**၆**	**၃**
– ဆေးတက္ကသိုလ်	၂	၂	–
– သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်	၁	၁	–
– သူနာပြုတက္ကသိုလ်	မရှိ	၁	၁
– ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်	မရှိ	၁	၁
– ဆေးဘက်ပညာသည်တက္ကသိုလ်	မရှိ	၁	၁

*** ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ရန်ကုန်)၊ ဆေးဘက်ပညာသင်တက္ကသိုလ်(ရန်ကုန်)။**

ပြည်ထောင်စုနှင့်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး

နောင်လာနောက်သားမျိုးဆက်သစ်လူငယ်များသည် ခေတ်မီနိုင်ငံတော်တည်ဆောက်မှု အရှိန်အဟုန်ကို ဦးလည်မသုန် မြှင့်တင်သွားကြရမည့်သူများဖြစ်သည်။ မိမိနိုင်ငံသည် မိမိတို့၏ဘဝ၊ မြန်မာ့လူ့အဖွဲ့အစည်းသည် မိမိတို့၏ဌာနဟု ခံယူပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံသန္နိဋ္ဌာန်စိတ်ဖြင့် မမိုတ်မသုန် သယ်ပိုးကြရမည့်သူများဖြစ်သည်။ မြန်မာ့တံခါးကို မြန်မာဓားဖြင့် မြန်မာ့သားကောင်းရတနာများကသာ စောင့်ကြပ် ကာကွယ်ကြရပါမည်။ မြန်မာ့ခရီးကို မြန်မာ့ထီးဖြင့် မြန်မာ့သမီးအလိမ္မာတို့ကသာ မိုးကာပေးကြရပါမည်။ ပြည်ထောင်စုကြီးအကျိုးကို သေတစ်ပန်သက်တဆုံး ထမ်းဆောင်သယ်ပိုးမည့် လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်က လေ့ကျင့်ပျိုးထောင်မြေတောင်မြှောက်ပေးလျက် ရှိနေပေသည်။ ပြည်ထောင်စုနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်း၌လည်း အောက်ပါကဏ္ဍများအလိုက် တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများ ဖွင့်လှစ်ပျိုးထောင်ပေးလျက် ရှိနေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– တပ်မတော်ဆေးတက္ကသိုလ်	–	၁	၁
– တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသည်တက္ကသိုလ်	–	၁	၁
– ရေကြောင်းပညာတက္ကသိုလ်	–	၁	၁
– ယဉ်ကျေးမှုတက္ကသိုလ်	–	၁	၁
– ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်	–	၁	၁
– ရန်ကုန်သမဝါယမဒီဂရီကောလိပ်	–	၁	၁
– ဇဟိုသမဝါယမကောလိပ်(ဖော်ကြီး)	–	၁	၁
– ကုန်သွယ်ရေကြောင်းဒီဂရီကောလိပ်	–	၁	၁
– မြို့ပြလေကြောင်းကောလိပ်	–	၁	၁

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

မြို့ရွာများစည်ပင်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်သောက်သုံးရေရရှိရေးကဏ္ဍ၊ ကျေးလက်ပညာရေးကဏ္ဍ၊ ကျေးလက်ကျန်းမာရေးကဏ္ဍစသည့် အခြေခံလိုအပ်ချက်များတွင် ပြည်သူတို့က ရန်ပုံငွေအင်အား၊ လူအင်အားတို့ဖြင့် တစ်တပ်တစ်အား ပါဝင်ပူးပေါင်း ကူညီနေကြသည်။ တိုင်းတစ်ပါးကို အားမကိုး၊ နယ်ချဲ့ကို မရိုကျိုးသော မြန်မာလူမျိုးများပီပီ မြန်မာအချင်းချင်း ရိုင်းပင်းကြသည်။ ကူညီကြသည်။ ကမ္ဘာမဆန်၊ မြန်မာဆန်သော မြန်မာတို့သည် မိမိတို့ဖွံ့ဖြိုးတိုးတက်ရာ ဇာတိဒေသကို မမေ့ကြဘဲ မြန်မာ–မြန်မာချင်း နှလုံးသားတံတားခင်းနေပုံများကို ရန်ကုန်တိုင်း၏ အောက်ဖော်ပြပါ ကျေးလက်ဒေသဖွံ့ဖြိုးမှုက သက်သေပြနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
မြို့ပြဖွံ့ဖြိုးမှု			
– **မြို့ပြလမ်းများ(မိုင်)**	**၁၄၇/၆**	**၁၈၄/၂**	**၃၆/၄**
– ကတ္တရာလမ်းမိုင်	၃၁/၇	၅၅/၇	၂၄/၀
– ကျောက်လမ်းမိုင်	၁၀/၇	၄/၀	အဆင့်မြှင့်တင်
– ဂဝံလမ်းမိုင်	၂၇/၂	၃၄/၇	၇/၅
– မြေလမ်းမိုင်	၇၇/၆	၈၉/၄	၁၁/၆
– **မြို့ပြတံတားများ**	**–**	**၅၀၉**	**၅၀၉**
– **မြို့ရေပေးရေးလုပ်ငန်း**			
– ဆောင်ရွက်ရမည့်မြို့နယ်	၁၂	၄	၈
– ပြီးစီးသည့်လုပ်ငန်း	၅	၈	၃
ကျေးလက်ဖွံ့ဖြိုးမှု			
– **ကျေးလက်လမ်းများ(မိုင်)**	**၂၃၉/၄**	**၈၉၄/၁**	**၆၅၄/၅**
– ကတ္တရာလမ်းမိုင်	၁၄/၁	၃၅/၀	၂၀/၇
– ကျောက်လမ်းမိုင်	၇၀/၇	၆၁/၃	အဆင့်မြှင့်တင်
– ဂဝံလမ်းမိုင်	၃၃/၅	၂၈၃/၀	၂၉၄/၃
– မြေလမ်းမိုင်	၁၂၀/၇	၅၁၄/၆	၃၉၃/၇
– **ကျေးလက်တံတားများ**	**–**	**၂၄၉**	**၂၄၉**
– **ကျေးလက်ရေရရှိရေး**			
– ဆောင်ရွက်ရမည့်ကျေးရွာ	၁၀၂၀	၃၈၂	၆၃၈
– ပြီးစီးသည့်လုပ်ငန်း	မရှိ	၈၇၄	၈၇၄
– **ကျေးလက်အိမ်ရာ**	**မရှိ**	**၉၉**	**၉၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

တပ်မတော်အစိုးရက တိုင်းရင်းသားပြည်သူများ လိုလားတောင့်တခဲ့ကြသည့် လူနေမှုဘဝ တိုးတက်မြင့်မားရေး အတွက် မဆုတ်မနစ် မဖြစ်မနေ မရပ်မနား တည်ဆောက်ပေးလျက်ရှိရာတွင် ပြည်သူများကလည်း အားတက်သရော ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။ ဆည်မြောင်းတာတမံ စီမံကိန်းကြီးများ၊ လျှပ်စစ်စွမ်းအားစီမံကိန်းကြီးများ၊ မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းများကို အထူးပြုလေ့လာလျှင် ပြည်တွင်းမှ မြန်မာပညာရှင်များသည် မိမိတို့၏ အသိပညာစွမ်းပကားဖြင့် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရမည်။

အလားတူ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ စသည်တို့၌လည်း ကျေးလက်ပြည်သူများမှအစ အငြိမ်းစား ပညာရှင်ကြီးများအထိ ပူးပေါင်းပါဝင်ကာ ရပ်ရေးရွာမှုကောင်းကျိုးပြုလျက် ရှိကြသည်။ တိုင်းကျိုးပြည်မှုကောင်းအောင် ပြုလျက်ရှိနေသည်။ မျက်မှောက်ခေတ်၌ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာဖြင့် စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်ကြရာတွင် ပြည်သူလူထု၏ အင်တိုက်အားတိုက်ပါဝင်မှုကို လူထုဆက်သွယ်ရေးနည်းလမ်းအစုစုဖြင့် ဖော်ကျူးဂုဏ်ပြုလျက် ရှိနေပေသည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၂	၁
– ပြန်/ဆက်ရုံးများ	မရှိ	၃၉	၃၉
– ပြန်/ဆက်စာကြည့်တိုက်များ	၇	၃၉	၃၂
– ဌာနဆိုင်ရာစာကြည့်တိုက်	–	၄၃	၄၃
– ကျေးလက်စာကြည့်တိုက်	မရှိ	၇၀၈	၇၀၈
– e-Library များ	မရှိ	၂	၂

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်း ဆက်လက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ အတွင်းရေးမှူး အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီး တင်ကြိုင်ဦးဆောင်၍ ဆပ်ကော်မတီဝင်များက ကြီးကြပ်လျက် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များဖြစ်ကြသော ပြည်နယ်နှင့် တိုင်းများမှတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရန်ကုန်မြို့တွင်း လေ့လာရေးခရီး ထွက်ကြသည်။ ရှေးဦးစွာအဖွဲ့(၁)တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ကိုယ်စားလှယ်များအနက်မှ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့မှ ကိုယ်စားလှယ် ၁၈၂ ဦးတို့သည် မော်ကွန်းတင် ရုပ်မြင်သံကြား ရိုက်ကူးရန်အတွက် ပြည်လမ်း မြန်မာ့ရုပ်မြင်သံကြားသို့ သွားရောက်ကြသည်။

လေ့လာ

အလားတူအဖွဲ့(၂)တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် ၂၃၆ဦးတို့သည် လေ့လာရေးခရီးစဉ်အဖြစ် ယုဇနပလာဇာနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက် လေ့လာကြသည်။

ကြည့်ရှု

ထို့နောက် ဈေးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ ဆက်လက်ထွက်ခွာကြရာ အဆိုပါဈေးမှ ဌာနမှူး ဦးစိုးမြင့်နှင့် တာဝန် ရှိသူတို့က ကြိုဆိုကြသည်။ ထို့နောက် လေ့လာရေး အထိမ်းအမှတ်အလံကို အပြန်အလှန်ပေးအပ်ကြပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုကြကာ တည်းခိုဆောင်များသို့ ပြန်လည် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

တရားဓမ္မများ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းဦးစီးပဓာန နာယက(မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ)ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဖေဖော်ဝါရီ ၁၈ရက်ညတွင် လှိုင်သာယာမြို့ (၁)ရပ်ကွက် ကန်သာယာလမ်း၊ ဖေဖော်ဝါရီ ၁၉ရက်ညတွင် ရွှေပြည်သာမြို့ ဈ/၃၄ (၁၀)ရပ်ကွက် သီတဂူပန်းခြံ၊ ဖေဖော်ဝါရီ ၂၀၊ ၂၁ရက်ညများတွင် ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ၊ ဖေဖော်ဝါရီ ၂၃၊၂၄နှင့်၂၅ရက် ညများတွင် လက်ပံတန်းမြို့နယ် ဂရမ်စံပြကျေးရွာ၊ ဖေဖော်ဝါရီ ၂၆၊ ၂၇ နှင့် ၂၈ရက်ညများတွင် လက်ပံတန်းမြို့နယ် မင်းလမ်းကျေးရွာ၊ မတ် ၁၊ ၂နှင့် ၃ရက်ညများတွင် လက်ပံတန်းမြို့ သာသနာ့ဒါယကာ ရှင်ပြုအသင်းတို့တွင် ထေရဝါဒတရားဓမ္မများ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဧော်ဘာသည်ဈေးကွက်ခိုင်မာသောသီးနှံအဖြစ်တည်ငြိမ်ခိုင်မာမှုရှိ မြန်မာနိုင်ငံ၏ ဒေသအနှံ့ တောင်ပေါ်မြေပြန့်မရွေး စိုက်ပျိုးနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရော်ဘာတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ၁၂နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး**(အပေါ်ပုံ)**က အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အနေဖြင့်ပြည်တွင်းပြည်ပ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ကြရန်နိုင်ငံသားများကိုအားပေးကူညီလျက်ရှိကြောင်း၊ ဈေးကွက်ခိုင်မာသော သီးနှံ၌ ရော်ဘာသည် တည်ငြိမ်ခိုင်မာမှုရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဒေသအနှံ့ တောင်ပေါ်၊ မြေပြန့်မရွေး ရော်ဘာစိုက်ပျိုးနိုင်ကြောင်း၊ မြန်မာ့ရော်ဘာသည် ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေး စံမီကြောင်း၊ ရော်ဘာစိုက်ပျိုးမှုသာမက တန်ဖိုးမြှင့်ရော်ဘာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရန်၊ စက်ရုံလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်နိုင်ကြောင်း၊ ရော်ဘာသည် နှစ်ရှည်ပင်ဖြစ်၍ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရာတွင်လုပ်ငန်းအစ၊အလယ်၊ အဆုံး ကောင်းမွန်ရန် လိုကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရော်ဘာစိုက်ပျိုးလိုသူများအား မြေယာလုပ်ကိုင်ခွင့် ရရှိရေးမှအစ မျိုးရရှိရေး၊ စိုက်ပျိုးမှု နည်းပညာ ပံ့ပိုးကူညီရေးတို့ကိုစဉ်ဆက်မပြတ် ကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်းက ရော်ဘာမျိုးကောင်းမျိုးသန့် မျိုးတစ်မျိုးစီ၏ အရည်အသွေးလက္ခဏာများ၊ ရော်ဘာနှင့်ကြားသီးနှံစိုက်ပျိုးမှု၊ ရော်ဘာအစေးထုတ်ယူမှုစနစ်၊ ရော်ဘာမှ တန်ဖိုးမြှင့်ကုန်ချောနှင့်သစ်အချောထည်ထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုဂ္ဂလိက ရော်ဘာစိုက်ပျိုးသူများက လိုအပ်ချက်များကို တင်ပြကြရာမြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကူးမြို့မှ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ ရေကူးမြို့မရိပ်သာဓမ္မသဘင်၌ဖေဖော်ဝါရီ ၁၉ရက်တွင် အရှင် ဣသရိယ (ကမ္ဘာ့ဌာနာစရိယ) အရှင် သူမြတ်ကလည်းကောင်း၊ ဖေဖော်ဝါရီ၂၀ရက်တွင် အရှင်ဂန္ဓမာ(ဓမ္မာစရိယ) အရှင်သူမြတ်ကလည်းကောင်းညစဉ် ၇နာရီခွဲ၌ တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၁၁ရက် နံနက်စနာရီက ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာ စကား ပြောကြားသည်။ ထို့နောက် ဒေသတာဝန်ခံများက မိမိတို့ ဒေသအလိုက် လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခချုပ်တို့က ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဝင်ငွေရရှိမှုနှင့် အသုံးစရိတ် ခြိုးခြံချွေတာ သုံးစွဲမှု၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ သုံးစွဲမှု အခြေအနေများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ ဒုတိယနေ့ အစည်းအဝေးကို ဖေဖော်ဝါရီ၁၂ရက် နံနက်စနာရီခွဲတွင် ဆက်လက် ကျင်းပရာ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးချိုသန်းမောင်က စစ်ဆေးတွေ့ရှိရသော အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့က ဌာနများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး တင်ပြကြသည်။

ထို့နောက်ဝန်ကြီးက ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေ စိတ်ချမ်းသာဖို့ ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ဆက်ဆံရာ၌ မောက်မာမှုမရှိစေရေး၊ နိုင်ငံတော် ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေး၊ မှန်မှန်ကန်ကန် စနစ်တကျသုံးစွဲကြပြီး (GDP) တိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

မော်လမြိုင်အထက(၇) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မော်လမြိုင်မြို့ အမှတ်(၇) အထက(S.P.G)ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၇)အထက နဝရတ်ဆောင်တွင် ကျင်းပရန် စီစဉ်ထားသည်။

အသက်(၆၀)ပြည့်ပြီး အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာမရရှိပါကလည်း အပူဇော်ခံကြွရောက်ကြရန် ဖိတ်ကြားထားသည်။ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ဒေါ်ရှုကြည် ဖုန်း-၀၅၇-၂၁၃၉၀၊ ဦးချို ဖုန်း-၀၅၇-၂၄၆၃၂၊ ဦးစိုးညွန့် ဖုန်း-၀၅၇-၂၁၈၅၆၊ ဦးတင်အောင်ဝင်း ဖုန်း-၀၅၇-၂၂၅၂၇၊ ဆရာဦးဖေသိန်း ဖုန်း-၀၁-၂၁၁၆၇၂၊ ဦးစိုးမြင့် ဖုန်း-၀၁-၂၄၁၀၅၉နှင့် ဦးခင်မောင် ဖုန်း-၂၀၁၆၄၈၊ ၂၀၀၈၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၄ရက်က ဒဂုံမြို့နယ်အထက(၂)ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဆုချီးမြှင့်

အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ ၂၀၀၄-၂၀၀၅ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ကျင်းပရာ ပထမတန်း ဘာသာစုံ ပထမဆုရ မမြရွှေရည်သိမ့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ပထမအကြိမ်သုံးမျိုးစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ပထမအကြိမ်သုံးမျိုးစုံ TRIATHLON အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်ကရဝိက်ဝင်ပေါက်အနီး Fuji Coffee ရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို သေနတ်ပစ်ဖေါက်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ရေဝတီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစား အဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစား ပရိသတ်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူ ရအေးမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် သုံးမျိုးစုံ TRIATHLON ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် ရေကူး၊စက်ဘီး၊ အပြေးသုံးမျိုးပါ အားကစားနည်းဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့်(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် သုံးမျိုးစုံ TRIATHLON အားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်များ ပေါ်ထွက်လာစေရန်၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားလာစေရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အဆင့်မီစံချိန်ကောင်းသူများကို ရွေးချယ်စခန်းသွင်းပြီး အရှေ့တောင် အာရှအားကစား ပြိုင်ပွဲအတွက် လေ့ကျင့်သွားမည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားအဖြစ် ထွက်ပေါ်လာစေရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်၊ အားကစားဖြင့် အမိနိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်နိုင်သူများဖြစ်လာစေရန် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ကရဝိက်ဥယျာဉ်၊ ကန်တော်ကြီးသဘာဝပန်းဥယျာဉ်အုပ်ချုပ်မှု ဒါရိုက်တာဒေါ်ဖေဇင်လတ်က ငွေကျပ်သိန်း ၄၀ကို လည်းကောင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ ကုန်သွယ်ရေးအုပ်စု၊ အုပ်ချုပ်မှု ဒါရိုက်တာဦးစိန်သစ်ကိုယ်စား ဒေါက်တာမြတ်သူရစိုးက ငွေကျပ်သိန်း ၂၀ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများသည် သတ်မှတ်တာလွှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သုံးမျိုးစုံ(TRIATHLON) အားကစားပြိုင်ပွဲကို သေနတ်ပစ်ဖေါက်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် သုံးမျိုးစုံ (TRIATHLON) အားကစားပြိုင်ပွဲဝင် အားကစားသမားများသည် အားကစားနည်းသုံးမျိုး ဖြစ်သည့် မီတာ ၁၀၀၀ရေကူးအားကစားနည်းကို ကန်တော်ကြီးဖူဂျီကော်ဖီဆိုင်မှ ပုလဲကျွန်းကိုပတ်၍ လည်းကောင်း၊ မီတာ ၂၅၀၀၀ စက်ဘီးအားကစားနည်းကို ကန်တော်ကြီးကန်ပတ်လမ်း တစ်လျှောက် စက်ဘီးလေးပတ်စီး၍ လည်းကောင်း၊ မီတာ ၆၀၀၀အပြေးအားကစားနည်းကို ကန်တော်ကြီးကန်ကိုတစ်ပတ်ပြေး၍ လည်းကောင်း အားကစားနည်းသုံးမျိုးကို အစဉ်အလိုက် မရပ်မနား ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)က ကုန်ကျစရိတ်များကို တာဝန်ယူပံ့ပိုးပေးခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမား ၇၀ ပါဝင်ယှဉ်ပြိုင်ကြကာ ပထမဆု ငွေကျပ်ရှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်း၊ တတိယဆုငွေကျပ် လေးသိန်း၊ စတုတ္ထဆုငွေကျပ်နှစ်သိန်း၊ ပဉ္စမဆုမှ ဒသမဆုအထိ ငွေကျပ်တစ်သိန်းစီနှင့် ပြိုင်ပွဲဝင် အားကစားသမား အားလုံး နှစ်သိမ့်ဆု ငွေကျပ်တစ်သောင်းစီဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒသမဆုရ ခင်မောင်သန့် (အား/ကာ သိပ္ပံ-ရန်ကုန်)၊ နဝမဆုရ အောင်မျိုးဦး (အား/ကာသိပ္ပံ-ရန်ကုန်)နှင့် အဋ္ဌမဆုရ မောင်မောင်နေယု (ရန်ကုန်တိုင်း)တို့အား ရေဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း ကလည်းကောင်း၊ သတ္တမဆုရ ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)နှင့် ဆဋ္ဌမဆုရ ခင်မြင့်(အနောက်တောင်တိုင်းစစ်ဌာနချုပ်)တို့အား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လည်းကောင်း၊ ပဉ္စမဆုရ သက်ကိုကိုထွန်း(အား/ကာ သိပ္ပံ-ရန်ကုန်)နှင့် စတုတ္ထဆုရ မင်းဇော် (အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)တို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က တတိယဆုရ ချစ်ဦး(အနောက်တောင်တိုင်းစစ်ဌာနချုပ်)၊ဒုတိယဆုရ ဝင်းလှိုင်(ရန်ကုန်တိုင်း စစ်ဌာနချုပ်)နှင့် ပထမဆုရ အောင်ကျော်မိုး (အား/ကာ သိပ္ပံ-ရန်ကုန်)တို့အား လည်းကောင်း၊ နှစ်သိမ့်ဆု ရရှိသူများအားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဦးဘမြင့်က တက္ကသိုလ်ဝင်တန်းစာမေးပွဲခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကျော်ဇေယျအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကရဝိက်ဥယျာဉ်နှင့် ကန်တော်ကြီး သဘာဝပန်းဥယျာဉ် အုပ်ချုပ်မှုဒါရိုက်တာဒေါ်ဖေဇင်လတ် လှူဒါန်းသော အလှူငွေကျပ် သိန်း ၄၀ကို လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာနှင့် ရုပ်ရှင်၊ ဂီတပဒေသာကပွဲကပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုပဒေသာကပွဲကြီးကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြလျက်ရှိသည်။

ပြည်ထောင်စုပဒေသာကပွဲကြီးတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တေးသရုပ်ဖော် တေးဂီတသီဆိုဖျော်ဖြေမှု အစီအစဉ်၊ ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ်တို့ ပါဝင်မည်ဖြစ်သည်။ ဂီတမှူး အကယ်ဒမီဂီတ လုလင်မောင်ကိုကိုစီစဉ်တင်ဆက်သည့် တေးဂီတအစီအစဉ်တွင် အဆိုတော် စိုင်းထီးဆိုင်၊ အယ်လ်ခွန်းရီ၊ မီးမီးခဲ၊ ဖိုးဆိုချင်ခင်မောင်ညွှန့်၊ မျိုးမြင့်လေး၊ ခနေဖြူစိုးသိန်း၊ ရန်ပိုင်စိုး၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ မောင်မောင်အေး(အလ်ကာဝတ်ရည်)၊ တက္ကသိုလ်ကိုကိုဇော်၊ ထား၊ မျိုးသန္တာထွန်း၊ စိမ်းလဲ့လဲ့၊ ခင်မျိုးအေး၊ သီတာမိုး၊ ခိမ်းခိမ်းတို့က တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂီတစာဆို ပြဇာတ်ဒါရိုက်တာဗိုလ်ကလေးတင့်အောင်၏ အသွင်ထူးရှင်မြူးစေမည့် မေ့လို့မရနိုင်ပါ ဟာသတစ်ခန်းရပ်ပြဇာတ်တွင် မင်းသားချောနေထက်လင်း၊ တင့်တင့်ထွန်း၊ မိုးဒီ၊ မော့စ်၊ ရော၊ ဝင်းနိုင်(အနုပညာ)၊ ညီကျော်၊ ငှက်ပျောကြော်၊ စောနိုင်(ရှမ်းပြည်)၊ ခင်သန်းနွယ်၊ ကြူကြူသင်း၊ အေးအေးခိုင်၊ မတူး၊ အေးအေးကြူ အစရှိသည့် သရုပ်ဆောင်အနုပညာရှင်များ ပါဝင်ကပြကြသည်။

တေးသရုပ်ဖော်ကဏ္ဍတွင် ထူးခြားဆန်းသစ်သော တေးသရုပ်ဖော် အစီအစဉ်များပါဝင်သည်။ ဖေဖော်ဝါရီ ၁၄ရက်ညသို့ ဆက်လက်တင်ဆက်ကပြမည်ဖြစ်ရာ ပွဲကြည့်ပရိသတ်များ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များစီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၆)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်နှင့်ဒက္ကာ တိုက်ရိုက်ဆက်သွယ်နိုင်မည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးလမ်း မကြာမီစတင်ဖောက်လုပ်ဖွယ်ရှိ၊ ခိုက်တိုစန်ထုတ်လုပ်မည့် မြန်မာ့ပထမဆုံး စက်ရုံတည်ဆောက်တော့မည်၊ ပထမဆုံးသဘာဝရေပူစမ်းဟိုတယ် အင်းလေးတွင်ဖွင့်လှစ်၊ အားကစား၊ ရုပ်ရှင်နှင့် ကာတွန်းအစီအစဉ်များပါဝင်စသည့် ပြည်တွင်းရေးရာသတင်းများကို ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

လူသားပုံတူမျိုးပွားခွင့် လိုင်စင်ချပေးပြီ၊ အိန္ဒိယတွင် ခုခံအားကျရောဂါကာကွယ်ဆေးကို လူသားနှင့်စမ်းသပ်၊ သက်ကြီးရွယ်အိုများအတွက် ကြိုးမဲ့ဖုန်းတီထွင်၊ ချားလ်နှင့် ကင်မီလာ လက်ထပ်တော့မည်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ စီးပွားရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀က ဖြန့်ချိထားကြောင်းသိရသည်။ **(က-ပ)**

သဲအင်းဂူတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဇလွန်မြို့ ပြည်တော်ပြန် မြတ်စွာဘုရားကြီးဝင်းအတွင်း၌ သဲအင်းဂူရိပ်သာအမှတ်(၂၅)က ကြီးမှူးပြီး တရားပွဲကို ကျင်းပမည်ဖြစ်ရာ မော်ဘီမြို့ နှောကုံးရွာ သဲအင်းဂူခန္ဓာကိုယ်တွေ့ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာမှ ဆရာတော်ဘဒ္ဒန္တ ဝိလာသ၊ ဘဒ္ဒန္တ ဝိဇယ ကမ္မဋ္ဌာနာစရိယအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ ခန္ဓာကိုယ်တွေ့ တရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်ရာ တပို့တွဲလဆန်း ၁၃ရက်၊ ၁၄ရက်၊ ၁၅ရက်တို့၌ နေ့စဉ် ည ၈နာရီတွင် လာရောက်နာကြားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



ပဌာန်းရွတ်ဖတ် ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် လမ်း ၁၁၀ ပဲခူးကျောင်းတိုက်အတွင်းရှိ အောင်ပြည်ငြိမ်းအေးစေတီတော်မြတ်၏ အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၁၇ရက်မှ၂၁ရက်အထိ အသံမစဲ မဟာပဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ဖေဖော်ဝါရီ ၂၂ရက်နှင့် ၂၃ရက်ညများတွင် ဆီမီးသုံးထောင်နှင့် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့်ထမနဲပွဲများ ကျင်းပပူဇော်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဦးဆုတောင်း

မောင်ကျော်ဇေယျာမျိုးနှင့် မသူဇာမြင့်ထွန်းတို့၏ ၁၂-၂-၂၀၀၅ရက် (စနေနေ့) Dusit Inya Lake Hotel ၌ ကျင်းပသော မင်္ဂလာ ရက်မြတ်မှသည် သစ္စာမပျက်၊ မေတ္တာဖက်၍ ရာသက်တိုင် ပေါင်းသင်းနေထိုင်နိုင်ကြပါစေလို့ဆုမွန်ကောင်းတောင်းလျက်။

အန်ကယ်သန်း၊အန်တီဌေး၊ ဦးညီ၊ အန်တီအေး မိသားစု။

မင်္ဂလာဦးဆုတောင်း

သူငယ်ချင်း မောင်ကျော်ဇေယျာမျိုးနှင့် မသူဇာမြင့်ထွန်းတို့၏ ၁၂-၂-၂၀၀၅ရက်(စနေနေ့) Dusit Inya Lake Hotel၌ကျင်းပသော မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း ၁၂၀တိုင်အောင် သာယာပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သူငယ်ချင်း-ချစ်မင်းစံ
Director, Myo Thet San Trading Co., Ltd.
သက်မျိုးအောင်
Director,Myo Thet San Trading Co.,Ltd.

လက်ထပ်မင်္ဂလာညစာ်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၆လမ်းနေ
(ဦးဘမြင့်)-ဒေါ်ရင်လှတို့၏ တတိယသား

ဗိုလ်ကြီးကျော်မျိုးလွင်

B.Sc (D.S.A), M.E (Engineering Physics)

နှင့်

မန္တလေးမြို့၊ ၈၈လမ်း၊ ၂၇-၂၈လမ်းကြားနေ
(ဦးသောင်းစိန်)-ဒေါ်စိန်ဝင်း(စိန်မိသားစုရောင်းဝယ်ရေး)တို့၏
တစ်ဦးတည်းသောသမီး

မစန္ဒာဝင်း B.Sc (Physics)

တို့၏ ၁၀-၂-၂၀၀၅ရက်(ကြာသပတေးနေ့) မန္တလေးမြို့နေအိမ်၌ ကျင်းပပြုလုပ်သော လက်ထပ်ဆွမ်းကပ်မင်္ဂလာအခမ်းအနားနှင့် ၁၂-၂-၂၀၀၅ရက်(စနေနေ့) မန္တလေးဈေးချိုဟိုတယ်၌ကျင်းပပြုလုပ်သော မင်္ဂလာညစာ်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးကျော်မျိုးလွင်-မစန္ဒာဝင်း။

မင်္ဂလာညစာ်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘောက်ထော်၊ အေးသာယာလမ်း၊ အမှတ်(၇-E)နေ
ဦးမျိုးထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၇၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ကြူကြူ
တို့၏သားငယ်

မောင်ကျော်ဇေယျာမျိုး B.A, English (Y.U.F.L)

Director, Myo Thet San Trading Co.,Ltd.

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ ခနအောင်လမ်းသွယ်၊ အမှတ် ၃၈နေ
ဗိုလ်မှူးထွန်းသိန်း(ငြိမ်း)-ဒေါ်မြင့်မြင့်သန်း (S.A.T၊ ငြိမ်း)တို့၏သမီးငယ်

မသူဇာမြင့်ထွန်း B.Econ (Stats)

တို့၏ ၉-၂-၂၀၀၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ကမာရွတ်မြို့နယ် တရားသူကြီး(အထူး) ဒေါ်ခင်ကြည်ကြည်ဇော်အားလည်းကောင်း၊ ၁၂-၂-၂၀၀၅ရက်(စနေနေ့)တွင် Dusit Inya Lake Hotel၌ကျင်းပပြုလုပ်သော မင်္ဂလာညစာ်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့ မိသားစု၊မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွှန့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မေတ္တာဖြင့်မင်္ဂလာပန်းကြဲပေးပါသော ရုပ်ရှင်၊ ဗီဒီယိုကြော်ငြာသရုပ် ဆောင် မရတနာခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မကေဇင်ဝင်း၊ မင်္ဂလာစိန်လက်စွပ်ကိုင်ဆောင်ပေးသော မမေပွင့်စံ၊ သတို့သားအရန် မောင်ချစ်မင်းစံနှင့် မောင်သက်မျိုးအောင်၊ သတို့သမီးအရန် မဟေမာအောင်နှင့် မငြိမ်းငြိမ်းဝေ၊ စိန်ရတနာဆင်မြန်းပေးသော ဒေါ်ကြော့ခင်နှင့်သမီး မသီသီကျော်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မမဥ္ဇူ၊ မိတ်ကပ်၊ဆံပင်အလှဖန်တီးပေးသော မိတ်ကပ် အောင်အောင်(တောင်ကြီး)၊ ပန်းအလှဆင်ပေးသော Eternal Flowers မှ အန်တီနီလာ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော မရတနာဦး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းနှင့် အနုပညာရှင်များအဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Dusit Inya Lake Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျာမျိုး-မသူဇာမြင့်ထွန်း။

မင်္ဂလာညစာ်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၁၂/၁၁)နေ
ဦးသိန်းဟန်(မြန်မာ့အသံသိန်းဟန်)(ကျွမ်းကျင်ပညာရှင်၊ MRTV)-ဒေါ်ဝင်းယုသွယ်
(အထပြ၊ အထက-၄၊ အလုံ)တို့၏သားကြီး

မောင်သက်ထူးဟန်

B.Sc (Physics), D.M.L., Dip. in English,
Dip. in Software Engineering
(Aung Aung Enterprise Ltd.)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီ ၁၈လမ်း၊ အမှတ် ၅၆၆နေ
ဦးစိုးညွှန့်(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်းတို့၏ တစ်ဦးတည်းသောသမီး

မအေးနှင်းစိုး

B.Sc (Physics), D.A(L.C.C.I, UK)
Dip, in English

တို့အား၃-၂-၂၀၀၅ရက်တွင် တရားရုံးချုပ်၌ မော်ကွန်းတင်ထိမ်းမြားလက်ထပ် ပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအား လည်းကောင်း၊ ၁၂-၂-၂၀၀၅ရက် (ပြည်ထောင်စုနေ့)တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညစာ်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နွယ်၊ ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်ကျောင်းသားဟောင်းများ၊ နာယကများ၊ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့်ဇနီး ဒေါ်ကြူကြူမာ (နဂါးညီနောင် သက်န်းတိုက်)၊ (MRTV) မှ ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ မြန်မာပိုင်းအစီအစဉ်မှ ဝန်ထမ်းများ၊ Aung Aung Group of Companies မှ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ ယုဇနကုမ္ပဏီလီမိတက်မှဥက္ကဋ္ဌ (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဦးဌေးမြင့်၏ဇနီး ဒေါ်အေးအေးမော်၊ စာပေပညာရှင်စာရေးဆရာများ၊ မြို့နယ်အသင်းအဖွဲ့များမှ နာယကများ၊ အမှုဆောင်များ၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်သီဆိုပေးသော စန္ဒရား ဦးတင်ဝင်းလှိုင်(M.A)နှင့် တေးသံရှင်များ၊ ဗီဒီယိုရိုက်ကူးပေးသော ဦးသန်းလွင်(MRTV)၊ အလှဓာတ်ပုံရိုက်ကူးပေးသော တက္ကသိုလ်စိန်ဝင်းနှင့် အဖွဲ့သားများ၊ မင်္ဂလာညစာ်ခံပွဲ အခမ်းအနားဖြစ်မြောက်အောင် မေတ္တာဖြင့် ပံ့ပိုးကူညီကြသူအပေါင်းအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ထူးဟန်-မအေးနှင်းစိုး။

မင်္ဂလာဦးဆုတောင်း

ကိုကြီးနှင့် မအေးနှင်းတို့၏ (၁၂-၂-၂၀၀၅)ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင် သာယာချမ်းမြေ့ပျော်ရွှင်သော မင်္ဂလာခရီးကို အတူ လက်တွဲလျှောက်လှမ်းနိုင်ပါစေ။

ညီမလတ်-မဝင်းပပဟန်(B.E. Civil) တံတားဦးစီး၊ ဆောက်လုပ်ရေးရုံးချုပ်
ညီမငယ်-မဝင်းလဲ့လဲ့ဟန် B.Tech, Year 2 (EC)

လက်ထပ်မင်္ဂလာပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ သခွတ္တော်ရပ်နေ
ဦးအောင်ဆန်း[ကျောင်းအုပ် အမက(၃)-အိန္ဒာရပ်]-ဒေါ်ယဉ်ယဉ်ဝင်းတို့၏သားကြီး

ဗိုလ်ကြီးသန့်ဇင်အောင် B.Sc (D.S.A), M.A (Myanmar)

(နည်းပြ၊ မြန်မာစာဌာန၊ စစ်တက္ကသိုလ်)

နှင့်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်နေ (ဦးမောင်မောင်ကြင်)-ဒေါ်သိန်းသိန်း
[မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ စက်မှု(၂)]တို့၏သမီးငယ်

မအိအိအောင် B.A (Eng), Dip in E.L.T, M.A (English)

(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)

တို့သည် ၁၀-၂-၂၀၀၅ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာဦးဆွမ်းကျွေးလက်မှတ်ရေးထိုးပြီး
၁၂-၂-၂၀၀၅ရက် (စနေနေ့) ပြည်ထောင်စုနေ့တွင် တက္ကသိုလ်စိန်ရတုခန်းမ၊
ရန်ကုန်မြို့၌ လက်ထပ်မင်္ဂလာညစာ်ခံပွဲ ကျင်းပပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန့်ဇင်အောင်-မအိအိအောင်။

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ သုဓမ္မမဏိဇောတဓရ ဦးမောင်လှအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅) အရ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် ထိုက်ထိုက်တန်တန် အပ်နှင်းချီးမြှင့်ခြင်းခံရသူ သုဓမ္မမဏိဇောတဓရ ဦးမောင်လှ (ဥက္ကဋ္ဌ၊ တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း (တနင်္သာရီ) လီမိတက်)အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ ဆက်လက်၍ တိုင်းပြည်နှင့်လူမျိုးအကျိုး၊ သာသနာအကျိုးကို အထက်တမ်းဝိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ဦးကျားမောင် (M.D) တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်	ဦးတင်ရွှမ် (M.D) ဝသာနိဦးကုမ္ပဏီလီမိတက်
ဦးသွန်းခင် (M.D) အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း (တနင်္သာရီ)လီမိတက်	ဦးအောင်မြင့် (MD) ရေလုပ်သားကုမ္ပဏီလီမိတက်
ဦးကြွယ်ခင်း (M.D) Myanmar Seafoods Ltd.,	ဦးအင်ရွှေ (M.D) မြိတ်လင်းစန္ဒာကုမ္ပဏီလီမိတက်
ဦးကြည်လွင် (M.D) Max Manufacturing Co., Ltd.	ဒေါ်ချိုချိုစန်း (M.D) ရေပြာအေးကုမ္ပဏီလီမိတက်
ဦးကင်းစိန် (M.D) အဏ္ဏဝါစိုးနိုးထရေးဒင်းကုမ္ပဏီလီမိတက်	ဦးသန်းစိုး (M.D) Golden Panda Co., Ltd.
ဦးမျိုးမြင့် (M.D) လင်းသစ်အောင်ကုမ္ပဏီ	ဦးသန်းနိုင် (M.D) နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်
ဦးတင်မောင်လတ် (M.D) စဝရက်အအေးခန်း အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ	ဒေါက်တာအောင်လွင် (M.D) ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်

ရေကြည်မြို့နယ်တွင် ရန်မျိုးအောင်-ရုံးတုံး ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

ရေကြည် ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ရန်မျိုးအောင်-ရုံးတုံး ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ် အတွင်းရေးမှူး ဦးမောင်မောင်တင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိန်မှန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၄၄၀၀၊ အကျယ် ၁၀ ပေရှိပြီး ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေကျပ် ၅၇၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝိုင်းမော်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များဖွင့်

ဝိုင်းမော် ဖေဖော်ဝါရီ ၇

ဝိုင်းမော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မြတ်မိခင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက အမှတ်(၃) ရပ်ကွက်ရှိ အသင်းရုံးအဆောက်အအုံတွင်ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှစိန်ခင်၊ မြို့နယ်ဆရာဝန် ဒေါက်တာ မြင့်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အလားတူ နောင်ဟီးကျေးရွာတွင် ဖြိုးစာကြည့်တိုက်ကို နံနက် ၁၁ နာရီကလည်းကောင်း၊ စန်းကားကျေးရွာတွင် ရှေ့သို့စာကြည့်တိုက်ကို မွန်းလွဲ ၂ နာရီကလည်းကောင်း ဖွင့်လှစ်ပေးကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းခြံမြို့နယ် ဒါးကျွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးကောင်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၀၂)

ကျေးလက်
တစ်ခွင်
ဖွံ့ဖြိုးစည်ပင်

ပလက်ဝမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

ပလက်ဝ ဖေဖော်ဝါရီ ၁၀

ပလက်ဝမြို့နယ် ညောင်အင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာပဒေသာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို ပလက်ဝ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းနှင့် ညောင်အင်ကျေးရွာ ဥက္ကဋ္ဌ ဦးလှထွန်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အောက်ဝဲပုံ)** မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်လှသိန်းက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကိုရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နယ်လှည့်စာကြည့်တိုက်ဖွင့်၊ စာအုပ်လှူဒါန်း

စစ်တွေ ဖေဖော်ဝါရီ ၅

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက စစ်တွေမြို့ ရွာကြီးတောင်လူငယ်များ ညီညွတ်ရေးစာဖတ်အသင်း စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးငွေထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို ရှင်းလင်း ဟောပြောသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးထွန်းက စာအုပ်မျိုးစုံ ၁၅၀၊ ဦးဝင်းဇော်ဇနီး ဒေါ်မခင်နု (WZ)ကုမ္ပဏီမိသားစုက အလှူငွေကျပ် ၃၀၀၀၀နှင့် ဦးထွန်းရွှေမောင် ဇနီး ဒေါ်နုနုဖြူ မိသားစု ခိုင်ပြည်စိုး ခရီးသွားလုပ်ငန်းက ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်တင်က လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ဟားခါး ဖေဖော်ဝါရီ ၅

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့သည် မြို့သာယာလှပရေးအတွက် မြေယာရှင်းအလှ ဆောင်ရွက်ရန် ပန်းအုတ်ခုံ တည်ဆောက်မှုကို ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး တင်မောင်မြင့်တို့က စစ်ဆေးကြည့်ရှုကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မင်းလှမြို့နယ်တွင် ပေပင်တန်း ဂဝံလမ်းဖွင့်

မင်းလှ ဖေဖော်ဝါရီ ၁၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၈ ဒသမ ၆ သိန်း အကုန်အကျခံ၍ ဆောင်ရွက်ပြီးစီးခဲ့သော ပေပင်တန်းကျေးရွာနှင့် အုတ်တွင်း- ပေါက်တောလမ်းသို့ ဆက်သွယ်သည့် အကျယ် ၁၀ ပေ၊ အရှည် ၂၃၂၅ ပေရှိ ပေပင်တန်းလမ်း ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြကျော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် ပေပင်တန်းကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့နယ် ရမ်းသစ်ကြီးကျေးရွာတွင် ရေကောင်းရေသန့်ရရှိရေး ရေကန်တူးဖော်

ရမ်းဗြဲ ဖေဖော်ဝါရီ ၅

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာများတွင် ရေကောင်းရေသန့်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရမ်းသစ်ကြီးကျေးရွာအုပ်စုတွင် မြေသားရေကန်တူးဖော်ရေးလုပ်ငန်းကို ကျေးရွာပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

ရေကန်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ရွှေမောင်တို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

အဆိုပါရေကန်မှာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၆၂၅၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၃၂၅၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၄၈၇၅၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၂၈ ရက်က မင်္ဂလာဒုံမြို့နယ် အမက (၃၂) မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင်က သူငယ်တန်းမှ ပထမဆုရ မနှင်းအေးရွှေရည်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မန္တလေးအသင်း ဂုဏ်ပြုဧည့်သဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်များဖြစ်ကြသော ဆရာတော်ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ မြတောင်ကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တ ပညာဇောတာဘိဝံသ ပတ္တမြားကျောင်းတိုက်တို့အား မန္တလေးအသင်းသူ အသင်းသားများက ပူဇော်သော ဂုဏ်ပူဇော်သဘင်ကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် ကုန်သည်လမ်း အသင်းတိုက် ရတနာပုံ ခန်းမ ဆောင်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ကြွရောက် ပါရန်နှင့် လှူဖွယ်ပစ္စည်းများကို အသင်းတိုက် ဖုန်း-၂၈၆၀၉၉ တို့သို့ ဆက်သွယ် လှူဒါန်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ပုဂံအာနန္ဒာစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ပုဂံ ဖေဖော်ဝါရီ ၈

ပုဂံမြို့ အာနန္ဒာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် နယ်လှည့်ဈေးသူ ဈေးသားများနှင့် ဒေသခံဈေးသူ ဈေးသားများက တတိယအကြိမ် စုပေါင်းကောင်းမှုအဖြစ် စေတီတော်မြတ် ပရိဝုဏ်အတွင်းပတ်လည် လျှပ်စစ်မီး ပူဇော်ရန် မီးတိုင်များအတွက် ကုန်ကျငွေကျပ် ၁၃၀၈၅၀ကို ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁ နာရီက ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သံဃာတော် ၁၀၈ပါးတို့အား ပင့်ဖိတ်ပြီး စာရေးတံမဲဖောက်၍ ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြကြောင်း သိရသည်။**(အပေါ်ပုံ) (၁၀၀)**

တောင်စွန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ဘီးလင်း ဖေဖော်ဝါရီ ၈

ဘီးလင်းမြို့နယ် တောင်စွန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီခွဲတွင် တောင်စွန်းအထက ရင်ပြင်တွင် ကျင်းပမည် ဖြစ်သည်။

အသက်(၆၀)ကျော်လွန်ပြီးသော ဆရာကြီး ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြား နှိုးဆော်ထားသည်။

လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများကို ရဲမှူးအောင်သန်း ဖုန်း-၅၄၈၅၁၇၊ ဦးမျိုးတင့် ဖုန်း-၀၉-၉၉-၂၇၄၃၄၊ ဦးညီဌေး အမှတ် ၀၀၄၊ မြလေးရုံလမ်း၊ မေတ္တာညွှန့်၊ တာမွေ၊ ဦးညွှန့်အောင် ဖုန်း-၅၇၈၅၅၂၊ ဦးခင်မောင်စိုး ဖုန်း-၅၄၀၃၈၉ နှင့် ဦးမြင့်ဝင်း ဖုန်း-၅၄၉၀၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၅ ရက်က မောင်တောမြို့ ဦးဥတ္တမလမ်းပြင်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဦးက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

မဟာသုဗောဓာရုံကျောင်း ဆရာတော် ဂုဏာဝိသိဋ္ဌပူဇော်ပွဲ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်နာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနာရဒ မဟာထေရ်၏ သက်တော် (၈၀)ပြည့် မွေးနေ့ပူဇော်ပွဲကို ကျောင်းတိုက်တွင်းမှ တပည့်သံဃာများ၊ အဝေးရောက် တပည့်သံဃာများနှင့် ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမများစုပေါင်း၍ (၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၈ရက်) ဖေဖော်ဝါရီ ၁၆ ရက်တွင် ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၇ရက်က သဃ်န်းကျွန်းမြို့နယ်အမှတ် (၈)အခြေခံပညာ မူလတန်းကျောင်းတွင် အဘိုးအဘွား ဦးအေးကို-ဒေါ်ခင်ဝင်းကြည်တို့အား အမှူးထား၍ ဦးသက်နိုင်စိုး-ဒေါ်နီနီဝင်းတို့၏ သမီး Grade-I(A) မှ မ သက် ထား နှင်းဆီ၏ မွေးနေ့ အလှူအဖြစ် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအသုံးပြုရန် ငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက လက်ခံရယူစဉ်။ (က-ပ)

ယခုအပတ် မြန်မာဗီဒီယို ၁၆ ကားဖြန့်ချိ ညှို့သောပင်လယ် ဆွဲငင်သောလမင်း ဇာတ်ကားပါဝင်

မောင်ဆွေထွန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ယခုအပတ် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၆ ကားဖြန့်ချိ ပြသခွင့် ရရှိရာ ဒါရိုက်တာကြည်ဖြူသျှင်၏ **ညှို့သော ပင် လယ် ဆွဲငင်သောလမင်း** ဇာတ်ကားကြီးကို ဗီဒီယိုဇာတ်ကား အဖြစ် ပြန်လည် အသက်သွင်းတင် ဆက်ထားသည်ကို တွေ့ရသည်။

'ကန္တာရမိုးတိမ်' ဇာတ်ကားမှ ဝေဠုကျော်၏ သရုပ်ဆောင်ဟန်။

ဖြန့်ချိပြသမည့် ဇာတ်ကားများမှာ စိန်ဌေး ဗီဒီယိုမှ ဒါရိုက်တာ အာရုံသစ် ရိုက်ကူး၍ ကျော်ဟိန်း၊ နန္ဒ၊ ခွန်းဆင့်နေခြည် နှင့် ချိုပြုံးတို့ ပါဝင်သော **လိုအပ်နေတာ ဒါပဲ** ဇာတ်ကား။ ပြည့်ဖြိုးမြတ် ဗီဒီယိုမှ ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူး၍ ဒွေး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **ညှို့သော ပင်လယ် ဆွဲငင်သောလမင်း** ဇာတ်ကား။ မဏိရွှေစင် ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇရိုက်ကူး၍ ဝေဠုကျော်၊ ပုလဲဝင်း၊ သင်းသင်းယုလှိုင်နှင့် မေသဉ္ဇာဦး တို့ ပါဝင်သော **ကန္တာရမိုးတိမ်** ဇာတ်ကား။ ကောင်းသစ္စာ ဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်း ရိုက်ကူး၍ ဖြိုးငွေစိုး၊ စိုးမြတ်နန္ဒာနှင့် ချိုပြုံး တို့ပါဝင်သော **အညတရသာလှ** ဇာတ်ကား။

အောင်ဗီဒီယိုမှ ဒါရိုက်တာ အေဝမ်းသန်းထွဋ်ရိုက်ကူး၍ မန်းဝင်း၊ ညီကျော်၊ နေကျော်နှင့် အိန္ဒြေတို့ ပါဝင်သည့် **သကြိုန်ရယ် ကျလိုက်ပါတော့** ဇာတ်ကား။ စိန်ပန်းမင်း ဗီဒီယိုမှ ဒါရိုက်တာ ဘဟိန်းသန်း ရိုက်ကူး၍ ကျော်ဇောဟိန်း၊ ယုယခင်တို့ ပါဝင်သော **မဲခေါင်သီလမာယာရှင်** ဇာတ်ကား။ ရွှေစင်ဦး ဗီဒီယိုမှ ဒါရိုက်တာ ဗိုဝမ်း ရိုက်ကူး၍ ငြိမ်းချမ်း၊ ထက်ထက် နှင့် ရဲဒိုးတို့ပါဝင်သော **ပူညံပူညံ** ဇာတ်ကား။ ကိုသီဟစီစဉ်သည့် D& Disc Diary Vol 1 သတင်းစုံ ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာကိုမျိုးထူးရိုက်ကူးသည့် နေမျိုးအောင်၊ အောင်ပိုင်နှင့် စုလှိုင်နှင်းတို့ပါဝင်သော **နွေမှာထီး ဆောင်းမှာမီး** ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာ ဒေါနရိုက်ကူး၍ ခန့်စည်သူနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သော **ကံလွဲသူ** ဇာတ်ကား။ ဝင်းဘရားသားဗီဒီယိုမှ ဒါရိုက်တာ ချောချစ်စံ ရိုက်ကူး၍ ကျော်ဇောဟိန်းနှင့် အာကာမြင့်အောင်တို့ ပါဝင်သော **မင်းကြောင့်** ဇာတ်ကား။ ခင်နွဲ့နွဲ့မူ ဗီဒီယိုမှ ဒါရိုက်တာ

'ညှို့သောပင်လယ် ဆွဲငင်သောလမင်း' ဇာတ်ကားမှ ဒွေးနှင့် ထွန်းအိန္ဒြာဗိုတို့၏ သရုပ်ဆောင်ဟန်။

'နွေမှာ ထီး ဆောင်း မှာ မီး' ဇာတ် ကား မှ နေမျိုးအောင်နှင့် စု လှိုင် နှင်း တို့ အမူအရာ။

ခင်နွဲ့နွဲ့မူရိုက်ကူး၍ ငြိမ်းချမ်း၊ ရဲဒိုး၊ ဝိုင်းချစ်နှင့် မိုးပြည့်ပြည့်မောင်တို့ပါဝင်သော **နွေဦးသကြိန်** ဇာတ်ကား။

ဖိုးလပြည့်ဗီဒီယိုမှ ဒါရိုက်တာ အေဝမ်းသန်းထွဋ် ရိုက်ကူး၍ မြင့်မြင့်ကြည်၊ မိုးကျော်၊ ဆိုနီနှင့် ဆိုဖီတို့ ပါဝင်သော **ဖိုးလပြည့်အငြိမ့်** ဇာတ်ကား။ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာသပြားသု ရိုက်ကူးသော မော့စ်၊ ငြိမ်းချမ်း၊ ဇေလုဝ နှင့် သုန္ဒရီတို့ပါဝင်သော **မော့စ်နှင့် သူ၏ကိုယ်ပွားများ** ဇာတ်ကား။ ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ အနောင်ရိုက်ကူးသော ညီမင်းသွင်၊ ရွှေရည်မိုးဦးတို့ပါဝင်သော **ရောင်စုံလွှမ်းသော နှလုံးသား** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ အောင်မြိုင် ရိုက်ကူးသော မင်းဇော်၊ ထားအဉ္ဇလီ နှင့် ပန်ဆုပြည့်ကျော်တို့ ပါဝင်သော **လောင်စာသိမ်းပြီး ငြိမ်းပစ်မယ်** ဇာတ်ကားများ ဖြန့်ချိပြသမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ်လ၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာပြပွဲတွင် သင့်တော်သော အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ ✱

နွေစပါးဧက ၃၅၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ရွှေဘိုခရိုင်အတွင်းရှိ ကင်းတပ်ဆည်လက်ဝဲမြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ဌာန ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၅ရက်နံနက်ပိုင်းက ကင်းတပ်ဆည် လက်ဝဲမြောင်းမှရေပေးဝေနေမှုအခြေအနေကို မြောင်းဘောင် တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေပေးဝေသွားမည်

အဆိုပါ လက်ဝဲမြောင်းသည် ရွှေဘိုခရိုင်အတွင်း နွေစပါးဧက ၃၅၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် ခင်ဦးမြို့နယ် အင်ကြင်းပင်ကျေးရွာရှိ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တဇနသာမိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် တိုင်းမှူးသည် ကန့်ဘလူမြို့နယ် မြေဒူးကျေးရွာရှိ ရွှေဂူမြင်စေတီနှင့် ရွှေစည်းခုံစေတီတို့ကို သွားရောက်ဖူးမြော်ကြည်ညို၍ စေတီတော်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် ကန့်ဘလူမြို့နယ် မဟာရွှေစည်ကြီးစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော်အတွက် အလှူတော်ငွေများပေးအပ်လှူဒါန်း၍ စေတီတော်ပရိဝုဏ်အတွင်း ပဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။ စာမျက်နှာ ၅ ကော်လံ ၅ ❍

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးလုပ်ငန်းကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် တက်ညီလက်ညီ စေတနာထား ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများနှင့်အနုပညာရှင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ရာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ ဂုဏ်ပြုခံအနုပညာရှင်များကိုယ်စား ဥက္ကဋ္ဌ ဦးစိန်တင် လက်ခံယူစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးလုပ်ငန်းသဘာဝသည်သိမ်မွေ့နက်နဲပြီးတာဝန်ကြီးမား ပြည်သူများ စိတ်ဝင်စားမှုရှိရန် အမြဲတမ်း တီထွင်ဆန်းသစ်နေရမည် သွက်လက်ထက်မြက်သော မီဒီယာဖြစ်ရေး ဆောင်ရွက်ကြသူများဂုဏ်ပြု လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆုချီးမြှင့်ပွဲ၌ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုခံဝန်ထမ်းများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး များဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ် များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး၊ အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ စာမျက်နှာ ၅ ကော်လံ ၁ ●

ဖေဖော်ဝါရီ ၁၃ရက်က အမျိုးသားညီလာခံသို့တက်ရောက်ရန် မွန်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၃ရက်က အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကရင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိကြစဉ်။ (သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၃ရက်က အမျိုးသားညီလာခံသို့တက်ရောက်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုသူများနှင့် အတူ တွေ့ရစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)